Free for All

မေးခွန်း(၂)မျိုး

Are you happy?

Where are you happy? ဘယ်မှာပျော်သလဲ။

VERB (၄)မျိုး

You are a doctor. *They like it.*

She will come here. *I have seen you.*

အကြောင်းအပါအဝင် အသေးစိတ်တင်ပြထားပါတယ်။

အခြေခံလေ့လာသူများမှစ၍ သင်ကြားပေးသူတို့အထိ
စကားပြောကိုဦးစားပေးပြီး သဒ္ဒါပိုင်းကိုဖြည့်စွက်ကာ
သင်တန်းမှာသင်ပေးတဲ့စနစ်ကိုရမယ်၊ သိစေချင်သောဒဋ္ဌ
သာမန်စကားပြောစာအုပ်မျိုးမဟုတ်ဘဲ လေ့လာသူတွေနဲ့
ပြန်လည်သင်ကြားပေးသူတို့အားလုံး လက်တွဲပြုနိုင်အောင်
တမူထူးခြားစွာအကောင်းဆုံး ကြိုးစားတင်ပြထားပါတယ်။

If you ask much, you get the word. မေးပါများ စကားရ

If you go on and on, you get far. သွားပါများ ခရီးရောက်

ဦးအာဂ္ဂ (တောင်ငူ)

ပါရဂူ-နိုင်ငံတကာအဆင့်မီ
အင်္ဂလိပ်စကားပြောသင်တန်း

English Speaking For Everyone

လူတိုင်းအတွက် အင်္ဂလိပ်စကား

- ခက်ခဲတယ်ဆိုတဲ့အရာဘတွက် နည်းလမ်းကောင်းရှိရင် လွယ်ကူတယ်ဆိုတာ သင်လက်ခံမှာပါ။
- စိတ်ကူးတွေကိုလက်တွေ့အကောင်အထည်ဖော်ချင်သူ . . . အင်္ဂလိပ်စာလေ့လာပေမယ့် မတိုးတက်တော့ အချိန်ကုန်၊ လူပင်ပန်းတယ်လို့ ထင်နေသူတွေအတွက် . . .
- ကြိုးစားရင် ကြိုးစားသလောက် အချိန်ဆိုတာ တန်ဖိုးရှိမှန်း ပိုသိသွားစေရမယ်။

English Speaking For Everyone

လူတိုင်းအတွက် အင်္ဂလိပ်စကား

ဦးအာဂ္ဂ (တောင်ငူ)

Free for All

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး . . . ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး . . . ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး . . . ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ၊
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောက်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
- အမျိုးသားပြည်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမားကြွရွင်ရေးနှင့် ပညာရည်မြင့်မားရေး၊

Free for All

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၄၀၀၈၇၃၀၆၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၄၀၀၇၁၁၀၆၀၇

ထုတ်ဝေသူ – ဦးမောင်မောင်လှ

အမှတ်(၉၀/စီ)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။

အဖုံးနှင့်အတွင်းပုံနှိပ် – ရွှေနိုင်ငံပုံနှိပ်တိုက်

အမှတ်(၉၀/စီ)၊ ကမ္ဘာအေးဘုရားလမ်း၊ဗဟန်းမြို့နယ်။

ဖုန်း–၅၄၈၀၄၂၊ ၅၄၅၂၆၃

ဖြန့်ချိရေး – ''ပါရမီ''နိုင်ငံတကာအဆင့်မြင့်အင်္ဂလိပ်စကားပြောသင်တန်း

မြစည်းခုံကျောင်းတိုက်၊ အမှတ်(၃)ဝိုင်း၊ ပါရမီလမ်း၊ ပင်းယမှတ်တိုင်

ရှေ့၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၅၆၁၀၈၀

အုပ်ရေ – ၁၀၀၀

တန်ဖိုး – ၁၅၀၀/–

ကျေးဇူးတင်လွှာ

English Speaking For Everyone စာအုပ်ကိုရေးမယ်လို့ကြေငြာလိုက်တာ ထုတ်ဝေတဲ့အချိန်ထိ (၁)နှစ်ကျော်ကြာသွားတယ်၊ ဒါပေမဲ့ (၉)လကျော်ကျော်လောက် မအားလပ်တဲ့ကြားကကြိုးစားကာ အပတ်တကုတ်ရေးခဲ့ရတယ်။ ဘာကြောင့်လဲဆိုတော့ စာသင်ချိန်က နံနက် (၇း၃၀)ကစပြီး ညနေ(၇း၃၀)အထိ နေ့စဉ်စာသင်နေရလို့ပါ။

ဘဝရဲ့အချိုးအကွေ့ပေါင်းများစွာမှာအခက်အခဲတွေနဲ့ရင်ဆိုင်ကျော်ဖြတ်ခဲ့ရပေမယ့် မိဘတွေရဲ့သားအပေါ်ဖြစ်စေချင် မြင်စေချင်တဲ့ ဒီရဟန်းဘဝလေးကို အမြတ်တနိုးထားပြီး မိဘတွေကို ကျေးဇူးဆပ်တဲ့အနေလည်းဖြစ်၊ ကိုယ်အတွက်လည်းသံသရာလမ်းကြောင်း ပိုကောင်းသွားတာပေါ့။ မိဘကျေးဇူးမြင့်မိုရ်ဦး–ကိုဘဝဆက်တိုင်းအစွမ်းကုန်ပေးဆပ်နိုင်တဲ့သား တစ်ယောက်ဖြစ်အောင်ကိုယ်တိုင်ကြိုးစားအားထုတ်ရင်း မိဘနှစ်ပါးဖြစ်တဲ့ ဦးစံတင်+ဒေါ်ကြည်ရွှေ တို့အားလည်းကောင်း။

အင်္ဂလိပ်စာကိုလေ့လာမယ်လို့ ဆုံးဖြတ်ပြီးနောက် တောင်ဥက္ကလာပကို ရောက်လာခဲ့ တယ် ယ္ဘုလက်ရှိကျောင်းမှာနေရင်းအင်္ဂလိပ်စာကို အေ–ဘီ–စီ ကစလို့(၄)နှစ်ဒီသင်တန်းကို ပြန်သင်နိုင်တဲ့အထိလေ့လာခဲ့ရပါတယ်။ ဒီနှစ်တွေအတွင်းမှာတပည့်တစ်ယောက်အပေါ် ဆရာသမားတစ်ဦးရဲ့စွန့်ကြဲပေးကမ်းမှု၊ ဆိုဆုံးမမှု၊ စိတ်ဓာတ်မကျဘဲကြိုးစားဖို့၊ မကောင်းတာ တစ်ခုခုလုပ်တော့မယ်ဆိုရင် ကျောင်းတိုက်နဲ့ ဆရာ့မျက်နှာကိုထောက်ထားဖို့ အမြဲမပြတ်ဆုံးမ ကာ ငွေကြေးကိုသုံးစွဲနိုင်အောင်ထောက်ပံ့ပေးခဲ့ရုံသာမက ဘဝမှာနေပုံထိုင်ပုံ၊ လူမှုဆက်ဆံရေး ကအစ သွန်သင်ဆုံးမဩဝါဒပေးခဲ့တယ် သူကိုယ်တိုင်ကောင်းအောင်၊ အပြစ်ကင်းအောင် နေထိုင်သလို တပည့်တွေအတွက်လည်းစံပြဖြစ်ခဲ့တဲ့စာရေးသူရဲ့ဆရာ တောင်ငူမြို့မြစည်းခုံ စာသင်တိုက် ပဓာနနာယက ဘဒ္ဒန္တတိက္ခသာရ (အဂ္ဂမဟာပဏ္ဍိတ) နိုင်ငံတော် သံဃမဟာနာ ယက ဒုတိယဥက္ကဋ္ဌ ဆရာတော်ဘုရားကြီးအားလည်းကောင်း၊ ဒီစာအုပ်ကိုရေးနေ စဉ်(၁)နှစ်အတွင်း ဆရာသမားအပေါ်မှာ ပြုသင့်ပြုထိုက်တဲ့ ဝတ်ကြီးဝတ်ငယ်တို့ကို တပည့်တစ်ယောက်ရဲ့ တာဝန်မကျေဘဲပျက်ကွက်ခဲ့ရတယ်။ ဒါပေမယ့် ဆရာ့ဘက်က ဆရာတို့ရဲ့ဂုဏ်အင်္ဂါတွေနဲ့အညီ သည်းခံခွင့်လွှတ်တယ် စိတ်ရှည်တယ် ဆုံးမစကားတွေကို နားဝင်အောင်သွန်သင်ပြတယ်။ နားလည်မှုတွေရှိပြီး အပြစ်မမြင် မငြိုငြင်ဘဲ အားပေးစကားတွေ ဆိုခဲ့တယ်။

Free for All

"ကိုယ်ပိုင်စာအုပ်လေးနဲ့ ကိုယ်ပိုင်သင်နိုင်အောင်ကြိုးစား" ဆိုတဲ့ဆရာသမားရဲ့တပည့်အပေါ် ဖြစ်ထွန်းစေချင်တဲ့စကားလေးကစာအုပ်ရေးဖို့ကိုဆန္ဒတွေပိုပြီးဖြစ်ပေါ်လာခဲ့ရတယ်

ဒါ့ကြောင့်များစွာသော ကျေးဇူးတရားတွေကိုရည်သန်ရင်း ရန်ကုန်မြို့ မြစည်းခုံကျောင်းတိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တပဏ္ဍိတသာရ အဂ္ဂမဟာဂဏ္ထဝါစကပဏ္ဍိတ အားလည်းကောင်း၊

စာသင်ပေးယုံသာမက သားတစ်ယောက်လိုသဘောထားပြီး စာရေးဖို့အားပေးကာ နားမလည်တာတွေကိုစိတ်ရှည်ရှည်အသေးစိတ်ရှင်းလင်းသင်ပြပေးတဲ့ ဆရာကြီးဦးစိုးမြင့်အား လည်းကောင်း၊ ဆရာဦးဝင်းနိုင် (လှည်းတန်း) အားလည်းကောင်း၊

ဆရာဖြစ်မဲ့လမ်းကြောင်းပေါ်လက်တွဲခေါ်ပြီးစာသင်ချင်တဲ့ပိုးလေးကို ထပ်လောက်မွေးပေးလိုက်တဲ့Royal Rose အင်္ဂလိပ်စကားပြောသင်တန်းမှ ဆရာမကြီးဒေါ်ရွှိစီအား လည်းကောင်း၊

လောကီလောကုတ္တရာစာပေများကိုတစ်လုံးတစ်ပါဒမျှ သင်ပေးခဲ့ကြသော ဆရာသမားများ အားလည်းကောင်း၊

ကွန်ပျူတာစာစီစာရိုက်ကို စိတ်ရှည်သည်းခံပြီး ပင်ပန်းလိုက်တာလို့ မငြီးညူဘဲ စေတနာဖြင့်ရိုက်ပေးတဲ့တပည့် မခင်ညိုမြင့်အားလည်းကောင်း၊

မျက်နှာဖုံးဒီဇိုင်းကို ဆရာနှင့်အတူရေးဆွဲပေးတဲ့တပည့် ခိုင်သဇင်လတ်နှင့် မဒွေးဒွေးကြွယ်အားလည်းကောင်း စာအုပ်ဖြစ်မြောက်အောင်အဖက်ဖက်ကဝိုင်းဝန်းကူညီပေးခဲ့ကြသူများ။

အခြားကျေးဇူးတင်ထိုက်သူများအားလည်းကောင်း၊ စာရေးသူမှ ရင်ထဲကစစ်မှန်သော မေတ္တာစေတနာဖြင့် မှတ်တမ်းတင်အပ်ပါသည်။

ဦးအဂ္ဂ (တောင်ငူ)
ပါရမီ- နိုင်ငံတကာအဆင့်မီအင်္ဂလိပ်စကားပြောသင်တန်း
(၃)ဝိုင်း၊ ပါရမီလမ်း၊ တောင်ဥက္ကလာပ၊ ရန်ကုန်။

စာရေးသူ၏အမှာစာ

English Speaking For Everyone စာအုပ်ကို ကျောင်းသူ/ကျောင်းသား သံဃာတော်များ အင်္ဂလိပ်စာကိုစိတ်ဝင်စားသူများ အခက်အခဲတွေနည်းနိုင်သမျှ နည်းအောင် နိုင်ငံရပ်ခြားရောက်နေသူများအားလုံးအတွက်မြန်မာလိုတွေးအင်္ဂလိပ်လိုရေးနိုင်ပြောနိုင်အောင် နည်းလမ်းလေးတွေကို ပိုင်ပိုင်နိုင်နိုင်ရစေချင်သောစိတ်ဆန္ဒ သင်တန်းမှာသင်ပေးတဲ့စနစ်အတိုင်းကို အတတ်နိုင်ဆုံးတင်ပြထားပါတယ်။ နည်းလမ်းလေးပေးရုံနဲ့ မလုံလောက် လက်တွေ့လုပ်ဆောင်တတ်ရန် တင်ပြထားခြင်းဖြစ်ပါတယ်။ အခြေခံမှစ၍ သင်ပေးချင်သူ အခြေခံကို ကျကျနန လေ့လာချင်သူတွေအတွက်ရည်ရွယ်ရေးထားတာပါ။ ဒါ့ကြောင့် စကားလုံးတွေထပ်နေတယ်။ ဒီစာအုပ်ဟာ သင်တန်းရဲ့(၅)နှစ် မြောက်အထိမ်းအမှတ်လည်းဖြစ်ပါတယ်။ အင်္ဂလိပ်စာအုပ်တွေများစွာရှိနေ ထွက်ပေါ်နေပေမယ့် ကိုယ်နားလည်သမျှလေးကို အကောင်းဆုံးနဲ့ အရိုးရှင်းဆုံးဖြစ်အောင် တင်ပြထားပါတယ်။ ကိုယ်တိုင်အခက်အခဲတွေ့ပြီး အချိန်များစွာကုန်ခဲ့သလို တစ်ခြားသူတွေကိုလည်း ကိုယ့်လိုမဖြစ်စေချင်တာကြောင့် ဒီစာအုပ်ကို ရေးဖြစ်ခဲ့တာပါ။

ဒီလောကထဲမှာ ကျင်လည်နေတော့ မှတ်တိုင်လေးတစ်ခုအဖြစ်လည်းထားခဲ့ချင်ပါတယ်။ ပညာရေးကိုမြှင့်တင်နေတဲ့ခေတ်ကြီးထဲမှာ တစ်ခန်း တစ်ကဏ္ဍ တစ်နေရာကပါဝင်ဆောင်ရွက်ခဲ့တယ်ဆိုတာကို သက်သေပြလိုခြင်းမှတစ်ပါး နာမည်ကြီးလိုခြင်း ကျော်ကော်လိုခြင်း မျိုးမဟုတ်ပါ။ ဒီစာအုပ်ကို အသုံးပြုပြီး လိုရာပန်းတိုင်ကိုလွယ်လင့်တကူလျှောက်လှမ်းနိုင်ရင် ဒီလောကထဲကိုဝင်ပြီးအင်္ဂလိပ်စာလေ့လာခဲ့ရကျိုး၊ ဒီစာအုပ်ကိုရေးရကျိုးနပ်မှာပါ။

အခက်အခဲဟူသမျှအားလုံးလွယ်ကြပါစေလို့-ဆန္ဒပြုရင်း------

အဂ္ဂ- တောင်ငူ
(၁-၅-၂၀၀၆)

Free for All

1. May I + $V_1$0 ပါရစေ။ 1
2. S + Can, Could + $V_1$0 နိုင်သည်။ တတ်သည်။ 4
3. S + want to, would like to, wish to, + V10 ချင်သည်။ ဆန္ဒရှိသည်။ 9
4. S + want (O) to, would like (O) to, wish (O) to + $V_1$0 စေချင်သည်။ 14
5. S + should, ought to, had better +$V_1$0 သင့်သည်။ လုပ်ရင်ပိုကောင်းသည်။ 20
6. S + ought to + $V_1$0 သင့်၊ ထိုက်၊ အပ်သည်။ 23
7. S + make (O) + Adjective အောင်လုပ်သည်။ 25
8. S + make (O) + $V_1$0 စေသည်၊ ခိုင်းသည်၊ စေခိုင်းသည်၊ အောင်လုပ်သည်။ 28
9. Let (O) + $V_1$0 စေ၊ စို့ (ခွင့်ပြုချက်၊ ခွင့်တောင်း၊ ဆန္ဒပြုတဲ့အခါမျိုးမှာ သုံးပါသည်) 30
10. S + dare to, dare + $V_1$0 ရဲသည်၊ ဝံ့သည်၊ ရဲဝံ့သည်။ (ပြော၊ လုပ်) ရက်တယ်။ 33
11. S + need to + $V_1$0, S + need + N, Pro, Ving, No need to + $V_1$0 လိုအပ်သည်။ 36
12. S + can't resist,help,stand + Ving မလုပ်ဘဲ မနေနိုင်။ 39
13. S + be going to + $V_1$0 လိမ့်မည်၊ တော့မယ်။ S + be going to + time-phrase လုပ်တော့မည်၊ ဖြစ်တော့မည်ဆဲဆဲ သေချာကြောင်းကိုပြ 41
14. S + be able to + $V_1$0 နိုင်/ တတ်နိုင်/ နိုင်စွမ်းရှိသည်။ 44
15. S + be about to + $V_1$0 တော့မလို့ (လုပ်တော့မည်/ ဖြစ်တော့မည်ဆဲဆဲ) 46
16. S + used to + $V_1$0 လေ့ရှိခဲ့သည်။ 47

17. S + be used to + Ving / N ကျင့်သားရ၊ အကျင့်ဖြစ်နေပြီ။ S + Get, become, seem, grow + used to + Ving / N ကျင့်သားရ၊ အသားကျနေပြီ။ 49
18. S + must + $V_1$0 ရမည်။ 51
19. S + has, have, had to + $V_1$0 ရသည်။ (ဆန္ဒပါလည်းလုပ်၊ ဆန္ဒမပါလည်းလုပ်) 52
20. How What Where Who When Which Whether Why + to + $V_1$0 + V 54
21. S + seem to + $V_1$0, seem + Adj ပုံရသည်၊ ဟန်ရှိသည်၊ သဏ္ဌာန်ရှိသည်၊ ထင်ရသည်။ 84
22. S + look, feel, smell, taste, sound, get, seem, become, grow + Adjective 85
23. Not because of ..... But because of ကြောင့်မဟုတ်ပါ ..... ကြောင့်ပါ 93
24. Not because ..... But because ကြောင့်မဟုတ်ပါ ..... ကြောင့်ပါ 96
25. Not Only ..... But also..... သာမက/ ရုံတင်မက ..... လည်းပဲ 97
26. Whether you like it or not အဲဒါကို မင်းကြိုက်ကြိုက်၊ မကြိုက်ကြိုက် 132
27. Go to, Go and, Go + $V_1$0 134
28. Come and. Come to, Come + $V_1$0 135
29. Do as you + V 137
30. It's time to + $V_1$0 It's better to အချိန်ကျပြီး ပိုကောင်းတာပေါ့ဗျာ။ 141

Free for All

31. Be + happy, please, content, glad, delighted, retieved, sad + to + $V_1$0 **144**
32. Hardly, rarely, scarcely, seldom ပြောခဲ/လုပ်ခဲ/ငိုခဲ/ ရန်ဖြစ်ခဲတယ်။ ဖြစ်တောင့်ဖြစ်ခဲ ကြုံတောင့်ကြုံခဲ/ ရှားရှားပါးပါး/ အနိုင်နိုင် **153**
33. It's + easy, good, essential, difficult, fair, / to + $V_1$0 /for + N/ Pronoun **154**
34. Would you Like + N -------? ယဉ်ယဉ်ကျေးကျေးဖိတ်ကြားချက်တစ်ရပ်ကိုအသုံးပြုပုံ **157**
35. Would you Like + Ving ----? စိတ်ကြိုက်ရွေးချယ်မှုအသုံးအနှုန်းလေးများ **158**
36. I'm sure to + $V_1$0 / I'm certain/ သေချာတယ် I'm sure that + 1,2/ I'm certain/ Sure, certain of about သေချာပြောပါတယ် **169**
37. Be + amazed to, surpresed to, astonished to, + $V_1$0/ that + 1,2 **171**
38. To + $V_1$0 လုပ်ဖို့/ လုပ်ရန် Not to + $V_1$0 မလုပ်ဖို့/ မလုပ်ရန် **173**
39. Verb to Do အကြောင်းအသေးစိတ်တင်ပြပုံ **181**
40. $V_1$0 အမိန့်ပေးပုံ (ပြုလုပ်ပုံ) တစ်ခါတရံမှာ အရပ်သုံးစကားများမှာ အချို့သောအမိန့်ပေးပုံစံများ သည် အမိန့်ပေးရာမရောကာဘဲရှိတတ်သည်။ **298**
41. Please + $V_1$0 ယဉ်ကျေးဖွယ်ရာမှာ ပြုလုပ်ရန်တောင်းပန်ဖို့သုံး **305**
42. Please don't + $V_1$0 မလုပ်ရန်တောင်းပန်းပုံ **307**
43. Interrogative Pronouns မေးခွန်းမေးသောနာမ်စားစကားလုံးများ **309**
44. Who + 3,4 ဒါဆိုရင် Who သည် ကံပုဒ် Object အနည်းအများဖြစ်သည် **312**

45. Who + 3,4 ဒါဆိုရင် ကံပုဒ်ကိုသိလိုသောအခါ မေးမြန်းတာဖြစ်ကြောင်းသတိရှိပါ **315**
46. Who + 1,2 လို့ကံပုံ (Clause) များဖြစ်သည်ဝါကျမဟုတ်စကားအဆုံးသေး **318**
47. What do you ------? ပုံသေထား၍မေးမြန်းပုံ **336**
48. What + 1,2 နှင့် ပြော/ရေးပုံ **344**
49. What + 1,2 လို့ကံပုံ (Clause) **345**
50. What + Verb (၎င်း Verb နောက်တွင် စေပါသောကြိယာများအများဆုံးလိုက်လေ့ရှိသည် **348**
51. Interrogative Adjectives မေးခွန်းမေးသောနာမဝိသေသနများအကြောင်း Whose + Noun Which + Noun What + Noun **356**
52. Yet ကို အသုံးပြု၍ ဝါကျတည်ဆောက်ပုံ **359**
53. Nothing To + $V_1$0 **364**
54. Pronouns များကိုသုံးပုံ **367**
55. Verb To Do နဲ့အနည်းအများ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂါတ် နဲ့ မေးပုံ/ဖြေပုံများ **373**
56. Verb To Be နဲ့ အနည်းအများ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂါတ် နဲ့ မေးပုံ/ဖြေပုံများ **375**
57. Tag Questions ခေါ်နောက်မြီးဆွဲမေးခွန်းနှင့် စကားပြောခြင်း **391**
58. Verb To Do နဲ့ Tag Questions **392**
59. ပစ္စုပ္ပန်ကာလဖြင့် နှစ်ကြောင်း You **393**
60. အတိတ်ကာလဖြင့် နှစ်ကြောင်း You **394**
61. Tag Question များနဲ့ 2,3 အကြောင်းဆက်မယ် **412**
62. N + Who, Whom, That + 1,2 **414**
63. N + Who, That + V **419**

Free for All

64. N + Which, That + 1,2 **424**
65. N + Which, That + V **427**
66. N + Who (whom), That + Be + Ved/en (Past Participle) **429**
67. N + Which, That + Be + Ved/ en (Past Participle) **431**
68. Phrase နှင့် Noun ကိုအထူးပြုပုံအားအသေးစိတ် စကားပြောတွင် ထည့်သွင်းရန် **434**
69. Present Participle Phrase **435**
70. Past Participle Phrase **438**
71. W/ H မေးခွန်းများနှင့် Verb To Do ပစ္စုပ္ပန်ကာလဖြင့်မေးမြန်းခြင်း **441**
72. Verb To Have Present Perfect **521**
73. ပြီးပြီ, ပြီးပြီလားဟု ပြောချင် ရေးချင်တဲ့အခါမျိုးမှာ Present Perfect ကိုသုံး **526**
74. ဖူးလား, ဘူးလားလို့ မေးချင် ရေးချင်တဲ့အခါမျိုးမှာ Present Prefect ကိုသုံး **530**
75. ကြာညောင်းတဲ့အကြောင်းတွေကို ပြောချင်,ရေးချင်အခါမျိုးမှာ Present Prefect ကိုသုံး **532**
76. Verb ကို s, es, စသည့်ပေါင်း၍ အနည်းကိန်းပြုလုပ်ပုံ **550**
77. Verb To Be (ရှိသည်/ဖြစ်သည်)အကြောင်း **552**
78. N + Be + N ဖြစ်ကြောင်းကို ပြခြင်း **553**
79. N + Be + N နာမဝိသေသနနှင့် တွဲသုံးခြင်း **574**
80. Nouns များကို အထီး/အမခွဲ၍ ဝါကျတည်ဆောက်ပုံ **590**
81. N + Be + N နဲ့ W/H မေးခွန်းများ **592**
82. N + Be + N ကို Tag Question ပြုလုပ်ပုံ **600**
83. N + Be + N နဲ့ အမိန့်ပေး/ တောင်းပန်းပုံ **607**
84. Nouns များကို စုစည်းရွေးချယ်ခြင်း **609**
85. N + be + place ရှိကြောင်းပြောပုံများ **616**
86. N + be + place အမိန့်ပေး/ တောင်းပန်ပုံ **641**

87. N + be + Ving **648**
88. Ving နဲ့ Tag Question တည်ဆောက်ပုံ **664**
89. Ving နဲ့ Tag Question (တိရစ္ဆာန်လေးတွေနဲ့ ပြုလုပ်ပုံ) **666**
90. Ving များကို စိတ်ကြိုက်စုစည်းမှု **670**
91. Ving ဆက်နည်း **672**
92. N + be + Ved/en (Passive Voice) အတိတ်ကာလနဲ့ Passive Voice **673**
93. N + be + Ved/en အနာဂတ်ကာလ **680**
94. စေပါသောကြိယာများနှင့် Active ပုံစံ မေးခွန်းမေးပုံ **684**
95. စေပါသောကြိယာများနှင့် Who ကိုမေးပုံ **689**
96. N + be + Ved/en အမိန့်ပေး/ တောင်းပန်ပုံ **690**
97. Question Tags နောက်တွဲမေးခွန်းတိုများ **692**
98. Ved/en (Past Participle) အသုံးအနှုန်းများ **694**
99. စေပါသောကိရိယာများကိုစုစည်းရွေးချယ်ခြင်း **695**
100. N + be + Adj အရည်အသွေး၊ အရည်အချင်း၊ အရေအတွက် **700**
101. N + be + Adj နဲ့ ဟုတ်ကြောင်း၊ မဟုတ်ကြောင်း ပြောပုံ/မေးပုံများ **709**
102. Verb to be ကို Adjective နဲ့ W/H များတည်ဆောက်ပုံ **772**
103. Verb to be ကို Adjective နဲ့ Tag Question **787**
104. N + be + Adjective အမိန့်ပေး/ တောင်းပန်ပုံ **794**
105. N + be + Adj နဲ့ ပစ္စုပ္ပန်၊ အနာဂတ် အနည်းအများ မေး/ ဖြေပုံ **796**
106. Adverbs **802**
107. Adjectives များရွေးချယ်ခြင်း **807**
108. Simple Tense ရိုးရိုးကာလ **818**
109. Perfect Tense ပြီးမြောက်ကာလ **818**
110. Continuous Tense ဆက်လက်ကာလ **818**
111 There are Ten Passive Sentences in English (Verb to be) အတွက် **819**

Free for All

112. N + am, is, are, was, were, will be, would be, has, have been, had been, will have + N/ Place — 822
113. Simple Sentence — 823
114. Compound Sentence — 824
115. Compound ဝါကျများ so နဲ့စကားပြောခြင်း — 825
116. Compound ဝါကျများ but နဲ့စကားပြောခြင်း — 830
117. Compound ဝါကျများ and နဲ့စကားပြောခြင်း — 837
118. Compound ဝါကျများကို how to + $V_1$0 စသည်နဲ့တွဲပြီး ဝါကျတည်ဆောက်ပြောဆိုပုံ — 843
119. Complex Sentences — 846
120. Complex Sentences တည်ဆောက်ပုံ — 848
121. Adverb Clause အကြောင်းများကို လေ့လာခြင်း — 853
122. Adverb ရဲ့ အသုံးအနှုန်းများ — 858
123. Verb နောက်တွင် Adverb လိုက်ပုံကို စကားပြောခြင်း — 859
124. Object နောက် Adverb လိုက်ပုံကို စကားပြောကြည့်ခြင်း — 861
125. Noun Clause (၅)မျိုး — 871
126. Reference List of Verbs Followed by Gerunds — 872
127. Reference List of Verbs Followed by Infinitives — 874
128. Verbs Followed by a (Pro) Noun + an Infinitive — 875
129. Participle အကြောင်း — 879
130. Direct and Indirect ဆောင်ပုဒ်များ — 882
131. Verb Patterns — 883
132. Essential English — 900

May I + V_1^0 ပါရစေ

(ခွင့်ပြုချက်, ခွင့်တောင်း, ဆန္ဒပြုတဲ့အခါမျိုးတွေမှာ သုံးပါသည်။)

May I
- speak English? — အင်္ဂလိပ်စကားပြောပါရစေ။
- take a seat here. — ကျွန်တော်ဒီမှာခဏလောက်ထိုင်ပါရစေ။
- request you again. — ခင်ဗျားကိုထပ်တောင်းပန်ပါရစေ။
- drink a cup of water. — ရေတစ်ခွက်လောက်သောက်ပါရစေလား။
- ask one question. — မေးခွန်းတစ်ခွန်းလောက်မေးပါရစေ။
- love you. — ကိုယ်မင်းကိုချစ်ပါရစေ။
- join up with your group. — ခင်ဗျားတို့အဖွဲ့နှင့် ပူးပေါင်းပါရစေ။
- rely on you. — ခင်ဗျားကိုအားကိုးပါရစေ။
- come in. — ဝင်လာပါရစေခင်ဗျာ။
- decide it by myself. — အဲ့ဒါကို ကျွန်တော်ကိုယ်တိုင်ဆုံးဖြတ်ပါရစေ။
- switch on the light. — မီးဖွင့်ပါရစေ။
- switch off the light. — မီးပိတ်ပါရစေ။
- discuss with them. — သူတို့နှင့်ဆွေးနွေးပါရစေ။
- open the door slightly. — တံခါးကိုဟဟလေးဖွင့်ထားပါရစေ။
- try best again. — ထပ်ပြီးအကောင်းဆုံးကြိုးစားပါရစေဦး။
- help her. — သူမကိုကျွန်တော်ကူညီပါရစေ။
- know your name. — ခင်ဗျားနာမည်လေးသိပါရစေ။
- know your education. — ခင်ဗျားပညာရေးသိပါရစေ။
- know your age. — မင်းရဲ့အသက်သိပါရစေ။
- know your ambition. — ခင်ဗျားရဲ့ရည်ရွယ်ချက်ကလေးသိပါရစေ။
- know your religion. — ခင်ဗျားရဲ့ဘာသာကိုသိပါရစေ။
- know your race. — မင်းရဲ့လူမျိုးသိပါရစေ။
- know your favourite food. — ခင်ဗျားရဲ့အနှစ်သက်ဆုံးအစားအစာကိုသိပါရစေ။
- know your favourite fruit. — ခင်ဗျားရဲ့အကြိုက်ဆုံးသစ်သီးကို သိပါရစေ။

Free for All

May I know your favourite vocalist. ခင်ဗျားရဲ့အနှစ်သက်ဆုံးအဆိုတော်ကိုသိပါရစေ။
know your favourite movie. ခင်ဗျားရဲ့အကြိုက်ဆုံးရုပ်ရှင်ကို သိပါရစေ။
know your favourite snack. ခင်ဗျားရဲ့အနှစ်သက်ဆုံးမုန့်ကို သိပါရစေ။
go back home. အိမ်ပြန်ပါရစေတော့ဗျာ။
encourage her. ကျွန်တော်သူမကိုအားပေးပါရစေ။
visit your home. ခင်ဗျားရဲ့အိမ်ကိုလာလည်ပါရစေ။
come along with you. ခင်ဗျားနဲ့အတူလိုက်ပါရစေဗျာ။

May I sleep now. အခုအိပ်ပါရစေတော့။
May I call her up. ကျွန်တော်သူမထံကိုဖုန်းဆက်ပါရစေ။
May I be well and happy! ကျွန်ုပ် ကျန်းမာ ချမ်းသာပါစေ။

May you live long! သင်တို့အသက်ရှည်ကြပါစေ။
May you be free from dangers! သင်အန္တရာယ်အပေါင်းမှကင်းဝေးပါစေ။
May they be lucky! သူတို့ကံကောင်းကြပါစေ။
May he be happy! သူပျော်ရွှင်ပါစေ။
May he be successful in all! သူအရာရာအောင်မြင်ပါစေ။
May all beings be healthy and happy! သတ္တဝါအားလုံးကျန်းမာချမ်းသာကြပါစေ။

May I know why you study English now.
ဘာကြောင့်အင်္ဂလိပ်စာကို အခုလေ့လာသလဲဆိုတာသိပါရစေ။
May I ask where they live at the present moment.
အခုလောလောဆယ် သူတို့ ဘယ်မှာနေသလဲဆိုတာ မေးပါရစေဦး။
She requested me again and again "May I be in"
ဝင်ပါရစေလို့ သူမကျွန်တော်ကို ထပ်ခါထပ်ခါတောင်းပန်ခဲ့တယ်လေ။
May I discuss with you because I can't speak English very well although I learn English?
အင်္ဂလိပ်စာသင်နေပေမယ့် ကောင်းကောင်းမပြောနိုင်တဲ့အတွက် ခင်ဗျားနဲ့ဆွေးနွေးတိုင်ပင်ပါရစေ။

May I sit down just a moment as I am tired.
ပင်ပန်းနေတဲ့အတွက် ခဏလောက်ထိုင်ပါရစေခင်ဗျာ။
May I tell you should attend the class.
မင်းသင်တန်းတက်သင့်တယ်ဆိုတာကို ပြောပါရစေကွာ။
May I say good bye I am going to leave.
သွားတော့မှာမို့ နှုတ်ဆက်ပါရစေ။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

May I take a seat. စသောဝါကျများကို အလွတ်ကျက်မှတ်စာရာမလိုပါ။ ခေါင်းစဉ်ဖြစ်တဲ့ "May I + V1^0" ပါရစေ ဆိုတာလေးလောက်ရရင် take a seat နေရာတွင် ပြောချင်သမျှသော သင့်တော်သော V1^0(or)infinitive Verbs များကို အစားထိုးသုံးပါ။ မြန်မာလူမျိုး(သို့)အင်္ဂလိပ်စာကို ဒုတိယဘာသာအဖြစ် လေ့လာသင်ယူသူမှန်သမျှ ကိုယ့်မိခင်ဘာသာဖြင့် ဦးစွာတွေး၍ဘာသာပြန်ပြော ဆိုကြရပါသည်။ မြန်မာလိုတွေးစရာမလိုတဲ့ အင်္ဂလိပ်လိုလက်တန်းပြောနိုင်ရမည်စသည်ဆိုကြရာ=စာရေးသူ၏ အမြင်မှာ=ထိုသူများသည်ကျောင်းသား/သူများကို ဝါကျများအလွတ်ကျက်ခိုင်းသောနည်းမှလွဲ၍ကျန်တာ မဖြစ်နိုင်ပါ=စာရေးသူတို့ သင်ကြားပုံမှာဝါကျအလွတ်ကျက်ခိုင်းသောစနစ်မဟုတ်ပါ=ငယ်ရွယ်သူတို့အဖို့ စာကျက်ရသည်မှာမှတ်ဉာဏ်အားကောင်းလို့ကျက်နိုင်သော်လည်းအသက်ကြီးသူတွေအဖို့အခက်အခဲတွေ့နိုင်ပါတယ် ဝါကျတစ်ကြောင်းရလျှင်(၁၅၆)ကြောင်းရနိုင်အောင်ပေါ့ ဥပမာ=You speak English ဆိုကြပါစို့။ ဝါကျတစ်ကြောင်းကို ဒီလောက်ရအောင်ပြောနိုင်/ရေးနိုင်လျှင် အလွတ်ကျက်ခိုင်းတာတွေက အများစုအတွက် ဖြစ်နိုင်ပါမလားလို့စဉ်းစားကြည့်ပေါ့။ ဒီနည်းလေးတွေကိုမှတ်သားပြီးလေ့ကျင့်ကြည့်ကြဖို့ တိုက်တွန်းလိုက်ပါတယ်။

Free for All

$$S + \left\{ \begin{matrix} Can \\ Could \end{matrix} \right\} + V_1^0 = \text{နိုင်သည်/တတ်သည်}$$

Can ထက် Could ကပိုပြီး ယဉ်ကျေးဖွယ်ရာမှာသုံးပါသည်။

	speak English very well?	မင်း အင်္ဂလိပ်စကားကောင်းကောင်းပြောနိုင်လား။
	explain it well?	မင်း အဲဒါကိုကောင်းကောင်းရှင်းပြနိုင်လား။
	sing a song?	မင်း သီချင်းဆိုနိုင်လား။
	remember me?	မင်း ငါ့ကို သတိရနိုင်လား။
Can you	give me your hand?	မင်း ငါ့ကို ကူညီနိုင်မလား။
	love me yet?	မင်းငါ့ကို ချစ်နိုင်သေးရဲ့လား။
	help them?	မင်းသူတို့ကို ကူညီနိုင်ရဲ့လား။
	believe me?	ခင်ဗျားကျွန်တော့်ကို ယုံကြည်နိုင်ရဲ့လား။
	forgive me?	မင်းငါ့ကို ခွင့်လွှတ်နိုင်ရဲ့လား။

Can't you live here?	မင်းဒီမှာ မနေနိုင်ဘူးလား။
Can't you guess how old I am?	ကိုယ့်အသက်ကို မခန့်မှန်းနိုင်ဘူးလား။
Can't she cook rice and curry?	သူမ ထမင်းဟင်းမချက်နိုင်ဘူးလား။
Can't she solve that problem?	အဲဒီပြဿနာကို သူမဖြေရှင်းနိုင်ဘူးလား။
Can't they come here now?	သူတို့ယခု ဒီကိုမလာနိုင်ကြဘူးလား။
Can't they buy the house?	သူတို့အိမ်မဝယ်နိုင်ကြဘူးလား။
Can't they forgive each other?	သူတို့အချင်းချင်းခွင့်မလွှတ်နိုင်ကြဘူးလား။
Can't they teach English?	သူတို့အင်္ဂလိပ်စာမသင်နိုင်ကြဘူးလား။
I can think about it.	အဲဒီအကြောင်းကျွန်တော်စဉ်းစားနိုင်ပါတယ်။
I can play the piano.	ကျွန်တော်စန္ဒရားတီးနိုင်ပါတယ်ခင်ဗျာ။
I can do it by myself.	အဲဒါကိုကျွန်တော်ကိုယ်တိုင် လုပ်နိုင်ပါတယ်။
I can obey you.	မင်းပြောသမျှကိုယ်လိုက်နာ/ နာခံနိုင်ပါတယ်။
Can I participate in your discussion?	ခင်ဗျားတို့ဆွေးနွေးမှုထဲမှာပါဝင်နိုင်ပါသလား။

Can I hope you now yet?	ကိုယ်မင်းကို ယခုမျှော်လင့်နိုင်သေးရဲ့လား။
Can't I have a chance to do it?	အဲဒါကိုထပ်လုပ်ဖို့ Chance မရှိနိုင်ဘူးလား။
Can't I meet you again?	ကိုယ်မင်းကို ထပ်မဆုံနိုင်တော့ဘူးလား။

Can you tell me where you attend English speaking class?
အင်္ဂလိပ်စကားပြောသင်တန်းကို ဘယ်မှာတက်နေသလဲဆိုတာ မင်း ငါ့ကို ပြောပြနိုင်မလား။
Can you give me a reason why you doubted them?
မင်းဘာကြောင့်သူတို့ကို သံသယဖြစ်ခဲ့သလဲဆိုတာ ငါ့ကို Reason ပေးနိုင်မလား။
I can't get married but I love you heartly.
ကိုယ် မင်းကို လက်မထပ်နိုင်ဘူး။ ဒါပေမဲ့ မင်းကို သိပ်ချစ်တယ်။
I am envious of her because she can speak English very well.
သူမအင်္ဂလိပ်စကား ကျွမ်းကျွမ်းကျင်ကျင်ပြောနိုင်တဲ့အတွက်ကြောင့် သူမကိုအားကျမိတယ်ဗျာ။
I can't understand what you mean.
ခင်ဗျားဘာဆိုလိုသလဲဆိုတာ ကျွန်တော်နားမလည်နိုင်ဘူးဗျာ။
Can I give any suggestion how you will solve that problem?
မင်းအဲဒီပြဿနာကို ဘယ်လိုဖြေရှင်းရမလည်းဆိုတာ ငါအကြံဉာဏ်ပေးရမလား။
I think she doesn't hate you although she can't forgive you.
သူမက မင်းတို့ကို ခွင့်မလွှတ်နိုင်ပေမယ့် မမုန်းဘူးလို့ ငါထင်ပါတယ်။
Can you know who I am?
ငါ ဘယ်သူလဲဆိုတာ မင်းတို့သိနိုင်ကြရဲ့လား။
I request you because I can't attend your birth-day party.
မင်းရဲ့ မွေးနေ့ပွဲလေးကို မတက်ရောက်နိုင်တဲ့အတွက်ကြောင့် ကိုယ်တောင်းပန်ပါတယ်။
You can do it if you try hard.
မင်းကြိုးစားရင် ဖြစ်နိုင်ပါတယ်။

ကြိုးစား၍ Could + V_1^0 နိုင်သည်ကို ကြိယာများနှင့်အစားထိုး၍လေ့ကျင့်ပြောကြည့်ပါ။ ဥပမာ-မုချပြောတတ်/ရေးတတ်လာမည်။ ဒီစာတွေကိုဖတ်ပြီးဆထက်ပို၍ တိုးတက်ကြပါစေ။ အင်္ဂလိပ်စာနှင့်ပတ်သက်လျှင်အခက်အခဲမတွေ့ကြပါစေနဲ့ ဝါကျများအလွတ်ကျက်တဲ့ဘဝက လွတ်မြောက်နိုင်ကြပါစေ။

Free for All

(1) You can say.
(2) You can't say.
(3) Can you say?
(4) Can't you say?
(5) You can say, can't you?
(6) You can't say, can you?

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

Could you tell me your name? နာမည်လေးပြောပြနိုင်မလား။
Could you tell me your address? လိပ်စာလေးပြောပြနိုင်မလား။
Could you tell me your age? အသက်လေးပြောပြနိုင်မလား။
Could you tell me your birthday? မွေးနေ့လေးပြောပြနိုင်မလား။
Could you tell me the way? ကျွန်တော့်ကိုလမ်းပြပေးနိုင်မလား။
Could I borrow your car? ကားလေးခဏငှါးနိုင်မလား။
Could I take a seat here? ဒီမှာထိုင်လို့ရပါသလား။
Could I explain it again? အဲ့ဒါကို နောက်တစ်ကြိမ်ရှင်းပြရမလား။
Could I speak English with you? ခင်ဗျားနဲ့အင်္ဂလိပ်စကားပြောလို့ရမလား။
Could I help you? ကျွန်တော်ခင်ဗျားကိုကူညီရမလား။

I couldn't wait till tomorrow. ကျွန်တော်မနက်ဖြန်အထိမစောင့်နိုင်တော့ဘူး။
I couldn't pay you today. ငါမင်းကိုဒီနေ့မပေးနိုင်ဘူး။
I couldn't believe it. ကျွန်တော်အဲ့ဒါကိုမယုံကြည်နိုင်ဘူးဖြစ်နေတယ်။
I couldn't solve that problem. အဲ့ဒီပြဿနာကိုမဖြေရှင်းနိုင်ဘူး။

Couldn't you come a little earlier? ဒီထက်နည်းနည်းမစောနိုင်ဘူးလား။
Couldn't you have sent a message? မင်းသတင်းစကားမပေးနိုင်ဘူးလား။
Couldn't you go there alone? မင်းတစ်ယောက်တည်းမသွားနိုင်ဘူးလား။
Couldn't you control your mind? မင်းစိတ်ကိုမင်းမထိန်းနိုင်ဘူးလား။

Why can't I do it? ငါအဲ့ဒါကိုဘာကြောင့်မလုပ်နိုင်ရမှာလဲ။
How can you hlep them? မင်းသူတို့ကိုဘယ်လိုကူညီနိုင်သလဲ။
What can you give any suggestion? မင်းဘာအကြံဉာဏ်ပေးနိုင်လဲ။
Where can you see them? မင်းသူတို့ကိုဘယ်မှာတွေ့နိုင်မလဲ။
Who can you love? မင်းဘယ်သူကိုချစ်နိုင်လဲ။
When can they arrive here? သူတို့ဒီကိုဘယ်အချိန်ရောက်နိုင်လဲ။
What could I give you my hand? မင်းကိုငါဘာကူညီရမလဲ။
Where could I sit down? ကျွန်တော်ဘယ်မှာထိုင်ရမလဲ။
Why couldn't they work today? သူတို့ဒီနေ့ဘာကြောင့်အလုပ်မလုပ်နိုင်တာလဲ။
Who could she choose? သူမဘယ်သူကိုရွေးချယ်နိုင်လဲ။
How could I ask them? သူတို့ကိုကျွန်တော်ဘယ်လိုမေးရမလဲ။
When could he finish working? သူအလုပ်ဘယ်အချိန်ပြီးနိုင်မလဲ။

မင်းဘာပဲလုပ်နိုင်လုပ်နိုင် ငါအထင်မကြီးဘူး။
I don't think highly of whatever you could do.
သူတို့ဘယ်အချိန်ပဲလာနိုင်လာနိုင် ဖိတ်လိုက်ပါ။
Invite them whenever they could visit/come.
မင်းအဲ့ဒါကို တိတိကျကျ မရှင်းပြနိုင်တာက ငါ့အတွက်ပြဿနာတစ်ရပ်ပဲကွ။
You couldn't explain it exactly is problem for me.
သူတို့အင်္ဂလိပ်စကားကောင်းကောင်းပြောနိုင်ရင် အဲ့ဒါကဖြစ်နိုင်ပါတယ်ကွ။
It's possible if they could speak English very well.
ကျွန်တော်အင်္ဂလိပ်စာဖတ်နိုင်ပေမယ့် စာမသင်ပြနိုင်ပါဘူးခင်ဗျာ။
I couldn't teach English though I can read quite well.
သူမ မင်းကို မချစ်နိုင်တော့တဲ့အတွက်ကြောင့် မင်းအဲ့ဒီကိုမသွားသင့်တော့ဘူး။
You shouldn't go there since she couldn't love you.
သူမ အဲ့ဒီကပြန်လာပြီးကတည်းက သူမအိမ်မှာရှိနိုင်တယ်လေ။
She could be at home since she returned there.

Free for All

သူမဘာကြောင့် ငါ့ကိုမယုံကြည်နိုင်သလဲဆိုတာ ငါမစဉ်းစားတတ်အောင်ဘဲ။
I can't think why she couldn't believe me.
ကျွန်တော် သွားမယ်ဆိုရင်ရတယ် ဒါပေမဲ့ မသွားပါဘူး။
I could go but I'm not going to.
ကျွန်တော်ကားမောင်နိုင်ပေမယ့် မမောင်းချင်ဘူးဗျာ။
I don't want to do it although I could drive a car.
ရန်ကုန်ဘယ်နားမှာနေသလဲဆိုတာ မင်းငါ့ကို ပြောပြနိုင်မလား။
Could you tell me where you live in Yangon?
အဲဒါ ကိုယ်မရှင်းပြနိုင်တာ ခွင့်လွှတ်ပေးပါ။
Please forgive me I couldn't explain it.
မင်းဘယ်မှာပဲ နေနေ ငါ လာလည်လို့ရမလား။
Could I drop in your home wherever you live?

1. You could dance.
2. You couldn't dance.
3. Could you dance?
4. Couldn't you dance?
5. You could dance, couldn't you?
6. You couldn't dance, could you?

သင်ပေးသောဆရာက မြန်မာလိုဝါကျ များများကို can, could = နှင့်ပြောပေးပါ။ ကျောင်းသားတွေကိုနောက်ကနေအတတ်နိုင်ဆုံးကျယ်ကျယ်လေးဆိုခိုင်းပါ။ သူတို့ရနိုင်မယ့်လွယ်ကူသောကြိယာများကစ၍ လေ့ကျင့်ခြင်းအားဖြင့်အင်္ဂလိပ်စကားနှင့်စာကို လျှင်မြန်စွာတိုးတက်လာပါလိမ့်မည်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

S+ — want to / would like to / wish to / like to / love to / desire to / be keen to / be eager to / be earnest to — + V_1^0

ချင်သည်/ဆန္ဒရှိသည်။ လုပ်ချင်/ ဖြစ်ချင်သည်။ (ကိုယ်တိုင်)

Do you want to
- speak English? မင်းအင်္ဂလိပ်စကားပြောချင်သလား။
- sing the song? ခင်ဗျားသီချင်းဆိုချင်လို့လား။
- hear my voice? ကိုယ့်အသံ ကြားချင်လို့လား။
- go abroad? ခင်ဗျား နိုင်ငံခြားသွားချင်ပါသလား။
- attend the class? မင်းသင်တန်းတက်ချင်လို့လား။
- be beaten? မင်းက အရိုက်ခံချင်လို့လား။
- be blamed again? ထပ်ပြီးအပြစ်တင်ခံချင်လို့လား။
- dance with the girls? မင်း မိန်းကလေးတွေနဲ့ ကချင်လို့လား။
- sleep now? အခုမင်းအိပ်ချင်လို့လား။
- discuss with me? မင်းကိုယ်နဲ့ဆွေးနွေးချင်လို့လား။
- come along with her? မင်းသူမနဲ့အတူလိုက်ချင်လို့လား။

Don't you want to watch movie? မင်းရုပ်ရှင်မကြည့်ချင်ဘူးလား။
Don't you want to ask any question? မေးခွန်းမမေးချင်ဘူးလား။
Don't you want to work inYangon? မင်းရန်ကုန်မှာအလုပ်မလုပ်ချင်ဘူးလား။
Don't you want to believe even me? ကိုယ့်တောင်မယုံချင်တော့ဘူးလား။

I want to say something now. ကိုယ်တစ်ခုခုပြောချင်တယ်ကွာ။
I want to visit Bagan. ငါပုဂံသွားလည်ချင်/ ဘုရားဖူးချင်တယ်။

Free for All

I want to cry sometimes. တစ်ခါတစ်လေငိုချင်တယ်ဟာ။
I want to know your name. မင်းနာမည်လေးသိချင်ပါတယ်။
I want to accept your suggestion. မင်းရဲ့အကြံပေးချက်ကို ငါလက်ခံချင်ပါတယ်။
I want to enjoy like them. ကိုယ် သူတို့လို ပျော်ချင်လိုက်တာကွာ။

I don't want to say like that. ကိုယ်အဲ့ဒီလိုမပြောချင်ဘူးကွာ။
I don't want to see you again. ကိုယ်မင်းကို ထပ်မမြင်ချင်ဘူးကွာ။
I don't want to die suddenly. ချက်ချင်းကြီးတော့မသေချင်ဘူးကွာ။
I don't want to help them. ကျွန်တော်သူတို့ကို မကူညီချင်ဘူးဗျာ။
I don't want to be a dreamer. စိတ်ကူးယဉ်သမားတော့မဖြစ်ချင်ပါဘူး။
I don't want to be sad. ကိုယ် ဝမ်းမနည်းချင်ဘူး။
I don't want to try it again. ကျွန်တော်ထပ်မကြိုးစားချင်ဘူးဗျာ။

I think you want to know why she asked me.
သူမငါ့ကို ဘာကြောင့်မေးသလဲဆိုတာ မင်းသိချင်နေပြီလို့ ငါထင်တယ်။
I tried again although I didn't want to do it.
အဲ့ဒါကို မလုပ်ချင်ပေမယ့် ငါထပ်ကြိုးစားလိုက်ရတယ်။
Come here tomorrow if you'd like to help us.
မင်းသူတို့ကို ကူညီချင်တယ်ဆိုရင် မနက်ဖြန် ဒီကိုလာလေကွာ။
I want to tell you about her if you'd like to know.
မင်းသိချင်တယ်ဆိုရင် သူမအကြောင်းကို ငါပြောပြချင်တယ်။
I'd like to hope you if I have a chance to meet in my life.
ကိုယ့်ဘဝမှာ ဆုံဆည်းဖို့အခွင့်အရေးရှိမယ်ဆိုရင် ကိုယ်မင်းကိုမျှော်လင့်ချင်ပါသေးတယ်။
I'd like to take meditation but I can't control my mind.
ကျွန်တော်တရားထိုင်ချင်ပါတယ် ဒါပေမယ့် စိတ်ကိုထိန်းချုပ်လို့ မရဘူး။
I'd like to attend the class regularly, but I'm so busy.
သင်တန်းကို ပုံမှန်တက်ချင်ပါတယ် ဒါပေမယ့် ကျွန်တော်အလုပ်တွေသိပ်များနေလို့ပါ။

I consider you're shy though you'd like to speak English.
မင်းတို့အင်္ဂလိပ်စကားပြောချင်ပေမယ့် ရှက်နေကြတယ်လို့ငါထင်တယ်။
Why don't you tell me if you want to take a rest?
အနားယူချင်ရင် ဘာကြောင့် မပြောတာလဲ။
Can you teach me if I'd like to learn English?
အင်္ဂလိပ်စာလေ့လာချင်လို့ ကျွန်တော့်ကို သင်ကြားပေးနိုင်မလား။
I'd like to tell you how you try to improve your English.
အင်္ဂလိပ်စာတိုးတက်ဖို့ဘယ်လို ကြိုးစားရမလဲဆိုတာ ပြောပြချင်ပါတယ်။
I'd like to ask a lot of questions but I'm so afraid.
ကျွန်တော်မေးခွန်းအများကြီးမေးချင်ပါတယ် ဒါပေမယ့် ကျွန်တော်အရမ်းကြောက်နေတယ်။
I want to believe her words though I know she deceives and cheats me.
သူမ ကျွန်တော့်ကို လှည့်ဖြားနေတာသိပေမယ့် သူမစကားတွေကို ကျွန်တော်ယုံချင်တယ်။
You want to love him but I think you don't dare to trust him.
နင်သူ့ကို ချစ်ချင်တယ် ဒါပေမယ့် မယုံရဲဘူးလို့ ငါထင်တယ်။

S=Subject V=Verb နေရာများတွင် အစားထိုး၍=သင့်တော်သောအဓိပ္ပါယ်နဲ့ ပြောကြည့်/ရေးကြည့်/သင်ပေးကြည့်ပါ။ ဝါကျတွေကို အလွတ်ကျက်မှတ်စရာမလိုအပ်ပါ=ခေါင်းစဉ်=လောက်တော့်ရသင့်ပါတယ်= မြန်မာလို ငါသွားချင်တယ်လို့ အတွေးပေါ်လာရင် I want to go. ဆိုတာအဆင်သင့် သင့်ရဲ့ဦးနှောက်ထဲမှာ စွဲမြဲစွာရှိနေဖို့လိုအပ်တယ်။

1. You want to sleep.
2. You don't want to sleep.
3. Do you want to sleep?
4. Don't you want to sleep?
5. You want to sleep, don't you?
6. You don't want to sleep, do you?

Free for All

	like to swim here?	မင်းဒီမှာ ရေကူးချင်လို့လား။
	like to attempt it again?	မင်းအဲ့ဒါကို ထပ်ကြိုးစားချင်သလား။
	like to dream?	မင်းကစိတ်ကူးယဉ်ချင်လို့လား။
	like to abase them?	မင်းက သူတို့ကိုသိက္ခာချချင်လို့လား။
Would you	like to admit it?	မင်းအဲ့ဒါကိုဝန်ခံချင်လို့လား။
	like to argue me?	မင်းကငါ့ကိုငြင်းခုံချင်တာလား။
	like to attack him?	မင်းသူကိုတိုက်ခိုက်ချင်လို့လား။
	like to attend the class?	မင်းသင်တန်းတက်ချင်လို့လား။
	like to betray me?	မင်းကငါ့ကိုသစ္စာဖောက်ချင်လို့လား။
	like to break promise?	မင်းက ကတိဖျက်ချင်လို့လား။
	like to respond her?	မင်းသူမကိုတုံ့ပြန်ချင်လို့လား။

Wouldn't you like to believe even me? ငါ့ကိုတောင်မယုံကြည်ချင်ဘူးလား။

	like to imitate them?	သူတို့ကိုမင်း အတုမယူချင်ဘူးလား။
	like to forgive her?	မင်းကသူမကိုခွင့်မလွှတ်ချင်ဘူးလား။
	like to face with her?	မင်းသူမနဲ့ထိပ်တိုက်မတွေ့ချင်ဘူးလား။
	like to interpret?	ခင်ဗျားစကားပြန်အဖြစ်မဆောင်ရွက်ချင်ဘူးလား။
	like to invite them?	မင်းသူတို့ကိုမဖိတ်ချင်ဘူးလား။

I'd like to	know your name.	ခင်ဗျားနာမည်လေးသိချင်ပါတယ်။
	speak English.	ကျွန်တော်အင်္ဂလိပ်စကားပြောချင်တယ်ဗျာ။
	hear you.	မင်းပြောတာကို ကိုယ်ကြားချင်တယ်။
	ask you a question.	ကိုယ်မင်းကိုမေးခွန်းတစ်ခုမေးချင်တယ်ကွာ။
	apologize you again.	ကိုယ်ထပ်တောင်းပန်ချင်ပါတယ်။
	plead about it.	အဲ့ဒါကိုလျှောက်လဲချက်တင်ချင်ပါတယ်
	take meditation	ကျွန်တော်တရားထိုင်ချင်တယ်။
	help them.	ကျွန်တော်သူတို့ကိုမကူညီချင်ဘူးဗျာ။
	shave once a week.	တစ်ပတ်တစ်ခါ ခေါင်းမရိတ်ချင်ဘူး။

I'd like to	keep in touch with her.	သူမကိုမဆက်သွယ်ချင်ဘူးကွာ။
	take charge of it.	အဲ့ဒါကိုကျွန်တော်တာဝန်မယူချင်တော့ဘူး။
	take pity on her.	သူမကိုကျွန်တော်မသနားချင်တော့ဘူး။
	give up my aim.	**ကျွန်တော့်ရည်ရွယ်ချက်ကိုလက်မလျှော့ချင်ဘူး။**

I wouldn't like to	take a look at her.	သူမကိုမကြည့်ချင်တော့ဘူးဗျာ။
	take into account the fact	အဲ့ဒီကိစ္စကိုထည့်မစဉ်းစားချင်ဘူး။
	let on to anyone.	ဘယ်သူ့ကိုမှကျွန်တော်အသိမပေးချင်ဘူး။
	get stuck.	ကျွန်တော်အလိမ်မခံချင်ဘူးဗျာ။
	take on her.	ကျွန်တော်သူမကိုအလုပ်မခန့်ချင်ဘူးဗျာ။
	put on end to that yet.	အဲ့ဒါကိုအဆုံးမသတ်ချင်သေးဘူး။
	break her heart.	သူမကိုအသည်းမခွဲချင်ဘူးဗျာ။

မင်းတို့ဘာကြောင့် လူကြီးတွေကို မလေးစားကြသလဲဆိုတာ ငါမင်းတို့ကိုမေးချင်တယ်။

I'd like to ask why you don't respect the elder.

အနာဂါတ်မှာ ဘာတွေဖြစ်လာမလဲဆိုတာ ကိုယ်ထင်ကြေးပေးချင်တယ်။

I'd like to estimate what will happen in future.

ဒုက္ခအပေါင်းအန္တရာယ်အပေါင်းက လွတ်မြောက်ဖို့ဆုတောင်းပေးပါတယ်။

I pray for you to be free from dangers and sufferings.

သူတို့ဘာ့ကြောင့်သူ့ကိုယုံကြည်မှုကင်းမဲ့နေကြသလဲဆိုတာ ငါ့မင်းကိုပြောပြချင်တယ်။

I'd like to tell you why they distrust him.

ကိုယ်ဘယ်သူ့ကိုမှ ဟန်မဆောင်ချင်ဘူး အဲ့ဒါကြောင့် ဖွင့်ပြောပါရစေ။

I wouldn't like to pretend anyone, so I speak it out.

မင်းစကားရည်လုချင်တယ်ဆိုရင် အဲ့ဒီကိုသွားလေကွာ။

You go there if you'd like to debate.

မင်းအလုပ်လုပ်ချင်တယ်ဆိုရင် ငါမင်းကိုကူညီပါ့မယ်ကွ။

I'll help you if you'd like to work.

Free for All

1. She would like to be a doctor.
2. She wouldn't like to be a doctor.
3. Would she like to be a doctor?
4. Wouldn't she like to be a doctor?
5. She would like to be a doctor, wouldn't she?
6. She wouldn't like to be a doctor, would she?

စဉ်းစားကြည့်၊ ရေးကြည့်၊ ပါးစပ်က များများရွတ်ဆိုကြည့်။ လွယ်တာကို အရင်စဉ်းစား ခက်တာကိုမလုပ်နဲ့ဦး။ လွယ်တာမရခင် ခက်တာလုပ်တော့ ရှေ့မရောက်တော့ဘူး။ အဲ့ဒီတော့ စိတ်ညစ်တယ်,ခက်တယ်လို့ ထင်ပါလေရော။ ခက်တယ်ဆိုတာ နည်းလမ်းရှိရင် လွယ်တယ်ဆိုတာ သင်လက်ခံမှာပါ။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

S + { want(o)to / would like (o)to / wish(o)to } + V1⁰ = စေချင်သည်၊ ဖြစ်စေချင်သည်(သူများကို)

I don't want you to cry. ကိုယ်ကမင်းကိုမငိုစေချင်ဘူးကွာ။
I don't want you to worry about me. ငါနဲ့ပတ်သက်ပြီး မင်းကိုသောကမရောက်စေချင်ဘူး။
I don't want her to leave right now. ကျွန်တော်က သူမကို အခုမသွားစေချင်ဘူး။
I don't want him to be disappointed. ကျွန်တော်ကသူ့ကိုစိတ်မပျက်စေချင်ဘူးလေ။

Do you want me to speak English? ကျွန်တော့်ကိုအင်္ဂလိပ်စကားပြောစေချင်တာလား။
Do you want me to go there alone? ငါ့ကို တစ်ယောက်တည်း သွားစေချင်တာလား။
Do you want me to live in Yangon? ကျွန်တော့်ကိုရန်ကုန်မှာနေစေချင်လို့လား။
Do you want me to try best again? ကျွန်တော့်ကိုထပ်ကြိုးစားစေချင်တာလား။
Do you want me to say like that? ခင်ဗျားကကျွန်တော့်ကိုအဲ့ဒီလိုပြောစေချင်တာလား။

Do you want her to come here? ခင်ဗျားက သူမကိုဒီကိုလာစေချင်တာလား။
Do you want him to work there? ခင်ဗျားသူကိုအဲ့ဒီမှာအလုပ်လုပ်စေချင်တာလား။
Do you want them to know about it? သူတို့ကိုအဲ့ဒီအကြောင်းသိစေချင်လို့လား။

She doesn't want me to be sad. သူမကျွန်တော့်ကိုဝမ်းမနည်းစေချင်ဘူးလေ။
They don't want me to attend the class. သူတို့ကသင်တန်းမတက်စေချင်ကြဘူးလေ။
He doesn't want you to pretend. သူက မင်းကိုဟန်မဆောင်စေချင်ဘူးကွာ။
You want her to study English. မင်းကသူမကိုအင်္ဂလိပ်စာလေ့လာစေချင်တာပေါ့။
I want you to speak English everyday. ငါကမင်းကိုနေ့စဉ်အင်္ဂလိပ်စကားပြောစေချင်တာ။
I want you to understand me. ငါနဲ့ပတ်သက်ရင်မင်းကိုနားလည်စေချင်တယ်လေ။

Why do you want me to enjoy like that? ကိုယ့်ကို ဘာကြောင့်အဲ့ဒီလိုပျော်စေချင်တာလဲ။
Where do you want me to live? မင်းက ငါ့ကိုဘယ်မှာနေစေချင်တာလဲ။
When do you want me to die? မင်းကငါ့ကိုတယ်အချိန်ကတည်းကသေစေချင်နေတာလဲ။
How do you want me to meet her? ဘယ်လိုဖြစ်လို့သူမနဲ့ငါ့ကိုတွေ့စေချင်တာလဲ။
What do you want me to go there? ဘာဖြစ်လို့ငါ့ကိုမင်းကအဲ့ဒီကိုသွားစေချင်တာလဲ။
Why does she want them to get into trouble? ဘာကြောင့်သူတို့ကိုဒုက္ခရောက်စေချင်တာလဲ။
Why do you want me to return? ဘာကြောင့် မင်းကငါ့ကိုပြန်လာစေချင်တာလဲ။

Does she want me to know it? သူမက ငါ့ကိုအဲ့ဒါသိစေချင်တာလား။
Does she want him to be beaten? သူမက သူကိုအရိုက်ခံစေချင်တာလား။
Doesn't he want her to come here? သူက သူမကိုဒီကိုမလာစေချင်ဘူးလား။
Doesn't he want them to stay here? သူက သူတို့ကိုဒီမှာမနေစေချင်ဘူးလား။

သူတို့က ငါ့ကိုအိမ်ပြန်စေချင်တာ ငါသိပါတယ်ကွ။
I know they want me to go home.
ငါဘာ့ကြောင့် မင်းကိုကြိုးစားစေချင်သလဲဆိုတာ မင်းသိနိုင်မယ်လို့ကိုယ်ထင်တယ်။
I think you can know why I'd like you to try best.

Free for All

ဘယ်လိုဖြစ်လို့ငါ့ကိုသေစေချင်သလဲဆိုတာ ငါနားမလည်နိုင်တော့ဘူး။
I can't understand how you want me to die.
မင်းက သူမကိုလာစေချင်သော်လည်းပဲ မအားဘူးလို့ ငါ့ဆီကို သူမဖုန်းဆက်ခဲ့တယ်။
She called me up she's so busy though you'd like her to come.
ဘာကြောင့်မင်းကသူတို့ကို ငါတို့ဆွေးနွေးမှုထဲမှာ မပါဝင်စေချင်သလဲဆိုတာမင်းရှင်းရှင်း လင်းလင်းပြောနိုင်မလား။
Can you tell me exactly why you don't want them to participate in our discussion?
သူတို့က ကျွန်တော့်ကို သူမအား မွေးစားစေချင်ကြတယ်၊ အဲ့ဒါကြောင့်စဉ်းစားဦးမယ်။
They want me to adopt her, so I'll consider it.
ငါဘာကြောင့်အဲ့ဒီကို သူတို့ကိုသွားစေချင်သလဲဆိုတာ မင်းသိပါတယ်ကွာ။
You know why I want them to go there.
မင်းဘယ်လိုဖြစ်လို့ သူတို့ကိုစောင့်ရှောက်နေသလဲဆိုတာ မင်းကငါ့ကိုမသိစေချင်ဘူးလား။
Don't you want me to know how you look after them?

Where do you want me to go? မင်းက ငါ့ကိုဘယ်သွားစေချင်တာလဲ။
Why do you want me to go? မင်းက ငါ့ကိုဘာကြောင့်သွားစေချင်တာလဲ။
How do you want me to go? မင်းက ငါ့ကို ဘယ်လိုကြောင့် သွားစေချင်တာလဲ။
What do you want me to go? မင်းက ငါ့ကို ဘာဖြစ်လို့သွားစေချင်တာလဲ။
When do you want me to go? မင်းက ငါ့ကိုဘယ်အချိန် သွားစေချင်တာလဲ။
Who do you want me to go? မင်းက ငါ့ကို ဘယ်သူဆီသွားစေချင်တာလဲ။

1. They want her to dance.
2. They dont' want her to dance.
3. Do they want her to dance?
4. Don't they want her to dance?
5. They want her to dance, don't they?
6. They don't want her to dance, do they?

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

သိသင့်သိထိုက်တဲ့အခြေခံသဒ္ဒါတွေ စကားလုံးတွေကို သိထားရင် အင်္ဂလိပ်စကားပြောဟာ သင်တန်းတက်လိုက်ရင်အလိုအလျောက်တတ်လာသလိုခံစားသွားရမယ်၊ အားငယ်မှု၊ သိမ်ငယ်မှုတွေ ပျောက်ကွယ်သွားမယ်။ သတ္တိတွေကို မွေးဖွားစေပြီး ရဲရင့်မှုတွေကို ဖြစ်ပေါ်စေလာအောင် ဆရာကိုယ်တိုင်က ရှေ့ကဆိုပေး သင်ကြားပေးတော့ ခက်ခဲတယ်ဆိုတာ မရှိသလောက်ပဲပေါ့။

S + Would Like(o) to + V_1^0
စေချင်သည် (သူများကို)

Would you like me to request them? ခင်များက သူတို့ကိုတောင်းပန်စေချင်လို့လား။
Would you like us to go back now? မင်းက ငါတို့ကိုအခုပြန်စေချင်ပြီလား။
Would you like her to visit here? မင်းက သူမကိုဒီကိုလာလည်စေချင်တာလား။
Would you like him to become a doctor? မင်းက သူ့ကိုဆရာဝန်ဖြစ်စေချင်တာလား။
Would you like them to sit the exam? မင်းက သူတို့ကိုစာမေးပွဲဖြေစေချင်တာလား။
Would you like me to play the football? ကျွန်တော့်ကို ဘောလုံးကန်စေချင်တာလား။
Would you like me to have an experience? ကျွန်တော်ကိုအတွေ့အကြုံရစေချင်တာလား။
Would you like me to ask a lot? မင်းက ငါ့ကိုများများမေးစေချင်လို့လား။

I'd like you to try best. ငါကတော့ မင်းကိုကြိုးစားစေချင်တယ်ကွာ။
I'd like you to keep in touch with her. ငါ မင်းကို သူမနဲ့ဆက်သွယ်စေချင်တယ်။
I'd like you to forgive. ကိုယ်က မင်းကိုခွင့်လွှတ်စေချင်တယ်လေ။
I'd like you to teach English. ငါက မင်းကိုအင်္ဂလိပ်စာသင်ပေးစေချင်တယ်။
I'd like you to beat around the bush. ငါက မင်းကိုသွယ်ဝိုက်ပြီးပြောစေချင်တယ်။
I'd like you to hear. ငါက မင်းကိုကြားစေချင်တယ်လေ။
I'd like you to see. ငါက မင်းကိုမြင်စေချင်တာ။

They'd like me to be a minister. သူတို့ကကျွန်တော့်ကိုဝန်ကြီးဖြစ်စေချင်တာလေ။
They'd like me to be a professor. သူတို့ကကျွန်တော့်ကိုပါမောက္ခဖြစ်စေချင်တာပါ။
They'd like me to be an engineer. သူတို့ကကျွန်တော့်ကိုအင်ဂျင်နီယာဖြစ်စေချင်တာ။
They'd like her to dance on the stage. သူတို့ကသူမကိုစင်မြင့်ပေါ်မှာ ကစေချင်ကြတာလေ။

Free for All

You wouldn't like him to stay here. မင်းကသူကိုဒီမှာမနေစေချင်ဘူးပေါ့။
You wouldn't like her to love me. မင်းကသူမကို ငါ့ခဲ့မချစ်စေချင်တာပေါ့လေ။
You wouldn't like me to leave. မင်းကငါ့ကိုထွက်မသွားစေချင်းဘူးပေါ့။

I wouldn't like you to smoke. ငါက မင်းကိုဆေးလိပ်မသောက်စေချင်ဘူးကွာ။
I wouldn't like you to return. ငါက မင်းကိုပြန်မလာစေချင်ဘူး။
I wouldn't like you to pretend. ငါက မင်းကိုဟန်မဆောင်စေချင်ဘူးလေ။

Why would you like me to attend th class?မင်းကငါ့ကိုတာကြောင့်သင်တန်းတက်စေချင်တာလဲ။
Why would you like me to come here?မင်းဘာကြောင့် ငါ့ကိုဒီကိုလာစေချင်တာလဲ။

Where would you like her to live? မင်းကသူမကိုဘယ်မှာနေစေချင်တာလဲ။
Where would you like her to sit? မင်းကသူမကိုဘယ်မှာ ထိုင်စေချင်တာလဲ။

How would you like them to help? မင်းကသူတို့ကိုတယ်လိုဖြစ်လို့ကူညီစေချင်တာလဲ။
How would you like them to feel sad?မင်းဘယ်လိုဖြစ်လို့သူတို့ကိုဝမ်းနည်းစေချင်တာလဲ။

What would you like him to be wounded?ဘာဖြစ်လို့သူကိုဒဏ်ရာရစေချင်တာလဲ။
What would you like him to be surprised?ဘာဖြစ်လို့သူကိုအံ့သြစေချင်တာလဲ။

ငါ့ ဘာကြောင့်မင်းကိုဘွဲ့ရစေချင်သလဲဆိုတာ မေးဖို့မလိုပါဘူး။
No need to ask me why I'd like you to graduate.
သူတို့ကို ဘာဖြစ်လို့ ဒုက္ခမရောက်စေချင်ဘူးလဲဆိုတာ မင်းသိပြီးသားပါ။
You've already known what I wouldn't like them to get into trouble.
ငါက သူတို့ကို ဝန်ခံစေချင်တယ် ဒါပေမယ့် သူတို့ကငြင်းနေကြတယ်။
I'd like them to confess but they refuse it.
ဘာပဲဖြစ်ဖြစ် ငါကမင်းကိုသွားစေချင်တယ် အဲ့ဒါ မင်းအတွက်အခွင့်အရေးပဲ။
Anyway, I'd like you to go there It's your golden chance.

မင်းတို့က ငါကို သူတို့နဲ့ ဘာကြောင့်အပေါင်းအသင်းမလုပ်စေချင်သလဲဆိုတာ ငါသိချင်တယ်ကွာ။
I want to know why you wouldn't like me to associate with them.
ဘာဖြစ်လို့မိဘတွေက မင်းကိုချမ်းသာစေချင်သလဲဆိုတာ တွေးတောစရာမလိုပါဘူး။
No need to consider what your parents want you to be rich.
မင်းက ငါကိုခွင့်လွှတ်စေချင်တယ်ဆိုရင် မင်းငါ့ကို တောင်းပန်ပေါ့။
You have to request me if you would like me to forgive.
မင်းကငါ့ကို သူမနဲ့ဘာကြောင့် မလိုက်စေချင်သလဲဆိုတာ ငါနားမလည်နိုင်ဘူးကွာ။
I can't comprehand why you wouldn't like me to come along with her.
ငါက မင်းတို့ကို ဘာကြောင့်အင်္ဂလိပ်စကားများများပြောစေချင်သလဲဆိုတာ နားမလည်ဘူးလား။
Don't you apprehand why I'd like you to speak English a lot?
မင်းက သူတို့ကို ဘယ်မှာအင်္ဂလိပ်စာသင်တန်းတက်စေချင်သလဲဆိုတာ သိပါရစေ။
May I know where you'd like them to attend English class?
ငါက မင်းတို့ကို ဘာကြောင့်ဒီသင်တန်းတက်စေချင်သလဲဆိုတာ သိပြီလား။
Do you know why I'd like you to attend this class?
ငါက မင်းကိုထပ်ပြီးစဉ်းစားစေချင်လို့ ပြောတာပေါ့ကွ။
I told you I'd like you to think it again.

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

1. She would like you to succeed.
2. She wouldn't like you to succeed.
3. Would she like you to succeed?
4. Wouldn't she like you to succeed?
5. She would like you to succeed, wouldn't she?
6. She wouldn't like you to succeed, would she?

အောင်မြင်ဖို့ဆိုတာ ကံကောင်းရုံသာမဟုတ် နည်းလမ်းကောင်းတွေရှိဖို့လဲလိုအပ်တယ်ဆိုတာ အောင်မြင်နေတဲ့လူတွေတိုင်း လက်ခံကြမှာပါ။ ဒါကြောင့် ရေရှည်အောင်မြင်ချင်ရင်နည်းလမ်းကောင်းကို သုံးဖို့တိုက်တွန်းချင်ပါတယ်။ ဘဝရဲ့တစ်ဆစ်ချိုးမှာ အောင်မြင်မှုတွေနဲ့လုံးဝပြောင်းလဲသွားမယ် မယုံကြည်သူတွေ ဒီနည်းလမ်းတွေနောက်ကို လိုက်ကြည့်လိုက်ပေါ့။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

Free for All

S + { should / ought to / had better } + V_1^0 သင့်သည်။

You should speak English everyday. ခင်ဗျား အင်္ဂလိပ်စကား နေစဉ်ပြောသင့်တယ်။
- try best to improve your life. မင်းဘဝတိုးတက်ဖို့အစွမ်းကုန်ကြိုးစားသင့်တယ်။
- take a rest now. မင်းအခုအနားယူသင့်တယ်။
- read a lot of book. မင်းတို့ စာများများဖတ်သင့်တယ်။
- apologize her again. မင်းတို့ သူမကို ထပ်တောင်းပန်သင့်တယ်။
- ask so many questions. မင်းမေးခွန်းများများ မေးသင့်တယ်။
- believe me. ခင်ဗျားကျွန်တော်ကိုတော့ယုံကြည်သင့်ပါတယ်။
- think what happened. ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ မင်းစဉ်းစားသင့်တယ်လေ။
- help them next. မင်းသူတို့ကို ထပ်ပြီးကူညီသင့်တယ်။
- sympathize me. မင်းကိုယ့်ကို ကိုယ်ချင်းစာသင့်တယ်။

You shouldn't drink alcohol. မင်းတို့အရက်မသောက်သင့်ဘူး။
- make believe her. မင်းသူမကို ဟန်မဆောင်သင့်ဘူး။
- tell lies your parents. မင်းမိဘတွေကိုတော့ မလိမ်ညာသင့်ဘူးကွာ။
- decide it at once. မင်းအဲ့ဒါကိုချက်ချင်းမဆုံးဖြတ်သင့်ဘူး။
- suspect your wife. မင်းဇနီးအပေါ် သံသယမဖြစ်သင့်ဘူး။
- say like that. မင်းတို့ အဲ့ဒီလိုမပြောသင့်ဘူး။
- come along with them. သူတို့နဲ့ မင်းလိုက်မသွားသင့်ဘူး။
- ask her like that. ခင်ဗျားသူမကို အဲ့ဒီလို မမေးသင့်ဘူး။
- get married early. မင်းစောစောစီးစီး လက်မထပ်သင့်သေးဘူး။

Should I go there alone? ကိုယ်အဲ့ဒီကိုတစ်ယောက်တည်းသွားသင့်သလား။
Should I trust her? ကျွန်တော်သူမကို ယုံကြည်သင့်ပါသလား။
Should I part her? သူမကိုလမ်းခွဲသင့်သလား။

Should I obey them? သူတို့စကားနားထောင်သင့်ပါသလား။
Should I do it? ကျွန်တော်အဲ့ဒါကို လုပ်သင့်ပါသလား။

Shouldn't I leave him? ကျွန်မ သူ့ကိုထားခဲ့သင့်ပါသလား။
Shouldn't I ask her again? ကျွန်တော် သူမကိုထပ်မေးသင့်ပါသလား။
Shouldn't I support them? ကျွန်တော် သူတို့ကိုထောက်ပံ့သင့်ပါသလား။
Shouldn't I come here again? ကျွန်တော် ဒီကိုထပ်လာသင့်ပါသလား။

ကျွန်တော်ဘယ်သူတွေကို အားကိုးသင့်သလဲဆိုတာ ခင်ဗျားအကြံဉာဏ်ပေးနိုင်မလား။
Can you give me any suggestion who I should rely on?
ပမေးသင့်သော်လည်းဘဲ သိချင်လို့ ကျွန်တော်သူမကို မေးခဲ့တယ်။
I asked her because I'd like to know although I shouldn't question.
သူတို့ အဲဒီကို ယခုချက်ချင်းသွားသင့်တယ်လို့ ကျွန်တော်ထင်မိတယ်။
I think that they ought to go there at once.
မင်းတို့အင်္ဂလိပ်စကားပြောဖို့ ကြိုးစားသင့်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။
I want to say that you have better try hard to speak English.
မင်းလူတိုင်းကိုတော့ မယုံကြည်သင့်ဘူး ဒါပေမဲ့ မင်းအတွက်အတွေ့အကြုံ ဗဟုသုတတွေရနိုင်တဲ့အတွက်ကြောင့် သူတို့ကို ပေါင်းသင်းဆက်ဆံရမယ်။
You shouldn't believe everybody but you must associate with them because you can get knowledge and experience.
သူတို့ ဖျားနေစဉ်ကတည်းက ဆေးထိုးသင့်တာပေါ့ဗျာ။
They should inject since they've been ill.
ငါတို့ ငွေလိုနေတဲ့အတွက်ကြောင့် မင်းအလုပ်လုပ်သင့်ပြီ။
You should work as we need a lot of money.
သူမ မင်းကိုဘာပဲပြောပြော နားလည်းသင့်တယ်လေ။
You should understand whatever she said.
မင်းတို့ အရမ်းပင်ပန်းနေတဲ့အတွက်ကြောင့် ခဏနားသင့်တယ်။
You should take a rest just a moment as you're so tired.

Free for All

မင်း ဘယ်သူကိုရွေးသင့်သလဲဆိုတာ မင်းစဉ်းစားဆုံးဖြတ်ပြီးပြီးလား။
Have you thougth and decided who you should choose?
ဘယ်လိုရောက်နိုင်မလဲဆိုတာ အရင်စုံစမ်းသင့်တယ်။ ပြီးမှဆက်သွားပေါ့။
Firstly, you should inquire how to get and then go on.
သူမကို ငါမချစ်သင့်ဘူးဆိုတာ ငါသိပါတယ်။ ဒါပေမဲ့ ငါစိတ်တွေမထိန်းနိုင်လို့ပါ။
I know I shouldn't love her but I can't control my mind.

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

1. You should go.
2. You shouldn't go.
3. Should you go?
4. Shouldn't you go?
5. You should go, shouldn't you?
6. You shouldn't go, should you?

စကားခြောက်ခွန်းဖြင့် ဆိုလွယ်ရေးလွယ်သော ပုံစံများကို ဒီအတိုင်း ပြောပြပေးသွားမည်။ ကြိုက်သလို အလိုရှိသလောက် တွေ့၍ ပြောကြ ရေးကြပါ။ ဝါကျတွေအများကြီးရေးချင်ပေမယ့်စာအုပ်အလွန်ထူထဲသွားမှာစိုး၍ နောက်ပိုင်းစကားလုံးများကိုလည်းလွယ်ကူပြီး သိပြီးသားစကားလုံးများသာ ထပ်ကာထပ်ကာ သုံးထားပါသည်။ နောက်ပိုင်းတွင်ကြိယာ Verbs များကိုသီးသန့်ပြောပြထားပါတယ်။ အတွေးထဲမှာပေါ်လာ သလိုပြောနိုင်ဖို့ စကားလုံးများများလေ့လာကြပါ။

S+had better +V_1^0သင့်/လုပ်ရင်ပိုကောင်းသည်(အကြံပြု)
S+ ought to + V_1^0 သင့်, ထိုက်, အပ်သည်။

You'd better forgive them.	မင်း သူတို့ကိုခွင့်လွှတ်သင့်တာပေါ့။
You'd better go there.	မင်း အဲ့ဒီကိုသွားရင်ကောင်းတာပေါ့။
You'd better request her.	မင်း သူမကိုတောင်းပန်သင့်တာပေါ့။
You'd better believe me.	မင်း ငါကိုယုံသင့်တယ်။
You'd better help them.	မင်း သူတို့ကိုကူညီရင်ကောင်းတာပေါ့ကွာ။
You'd better not say that.	မင်း အဲ့ဒါကိုမပြောသင့်ဘူး။
You'd better do that again.	မင်း အဲ့ဒါကိုထပ်လုပ်သင့်တယ်။
I'd better love her.	ကိုယ် သူမကိုချစ်သင့်တယ်။
I'd better think it again.	ကိုယ် အဲ့ဒါကိုထပ်စဉ်းစားသင့်တယ်။
I'd better get married her.	ကျွန်တော် သူမကိုလက်ထပ်သင့်တယ်။
She'd better sympathize me.	သူမ ငါ့ကိုကိုယ်ချင်းစာသင့်တယ်။
She'd better come here.	သူမ ဒီကိုလာသင့်တယ်ကွာ။
She'd better understand you.	သူမ မင်းကိုနားလည်သင့်တယ်။
She'd better ask me.	သူမ ငါ့ကိုမေးသင့်တာပေါ့ကွာ။
They ought to see him.	သူတို့ သူကိုတွေ့သင့်တယ်။
They ought to apologize .	သူတို့ တောင်းပန်သင့်တယ်လေ။
They ought to have been able to do it.	ဒါကိုလုပ်နိုင်ဖို့ ကောင်းတယ်။
They oughtn't to have done that.	သူတို့ အဲ့ဒါကိုမလုပ်သင့်ဘူး။
He oughtn't to abuse them.	သူတို့ကို မဆဲသင့်ဘူး။
He oughtn't to get angry with you.	သူ မင်းကိုစိတ်မဆိုးသင့်ပါဘူး။
He oughtn't to drink off and on.	မင်းခဏ ခဏ အရက်မသောက်သင့်ဘူး။

Free for All

You ought to dance there. မင်း အဲ့ဒီမှာကသင့်တယ်နော်။
You ought to try best. မင်း အစွမ်းကုန်ကြိုးစားသင့်တယ်နော်။
You ought to read a lot. မင်း စာများများဖတ်သင့်တာပေါ့။
You ought to take a rest. မင်း အနားယူသင့်တာပေါ့။
You ought to learn English. မင်းတို့ အင်္ဂလိပ်စာလေ့လာသင့်တယ်။
You ought to live in Yangon. မင်းတို့ ရန်ကုန်မှာနေသင့်တယ်နော်။

မင်းချောင်းဆိုးတဲ့အတွက်ကြောင့် ဆရာဝန်ထံသွားသင့်တယ်။
You'd better go to the doctor about your cough.
ကျွန်တော်တို့ အခုသွားရင်ကောင်းမယ် မဟုတ်ရင် ရထားလွတ်သွားလိမ့်မယ်။
We'd better leave now or we'll miss the train.
ကလေးတွေ သူတို့မိဘတွေကို အမြဲလေးစားသင့်တယ်။
Children ought to respect their parents forever.
မင်းတို့အင်္ဂလန်မှာ အလုပ်သွားမလုပ်ခင် အင်္ဂလိပ်စကားကို တိုးတက်အောင်လုပ်သင့်တယ်။
You ought to improve your English before going to work in England.
စိုး ဆီကို မင်းဖုန်းဆက်ပြီး နောက်ကျမဲ့အကြောင်းကို ပြောသင့်တာပေါ့။
You'd better phone Soe and tell her your going to be late.
ကျွန်တော်တို့အဲဒီအကြောင်းကို ဘယ်သူမှ မပြောရ/သင့်သေးဘူး။
We'd better not tell anyone about this just yet.
မင်းအရမ်းရိုင်းသွားတယ် အဲ့ဒါကြောင့် မင်းတောင်းပန်သင့်တယ်လို့ ငါထင်တယ်။
I think you were very rude and you ought to apologize.
ကျွန်တော်တို့ ဒါကိုမလုပ်ခင်ခွင့်တောင်းသင့်တယ်လို့ မင်းထင်သလား။
Do you think we ought to get permission before we do this?
တစ်စုံတစ်ဦး ကားငှါးချင်တယ်ဆိုရင် အရင်ဆုံးအဖေကို သူတို့ပြောသင့်တယ်။
If anyone wants to borrow the car they'd better ask Dad first.
ငါတို့ ပညာရေးမှာ ငွေရောအချိန်ပါပိုပြီး သုံးသင့်တယ်။
We ought to spend more money and time on education.

အဖေ ဒေါသမထွက်ခင် သီချင်းသံကို တိုးသင့်တယ်။
You'd better turn that music down before your Dad gets angry.
သူမ နားလည်သင့်တယ်လို့ ငါထင်တယ်လေ။
I consider she ought to understand it.
ဒီအကြောင်းနဲ့ပတ်သက်ပြီး ထွေး ကိုချက်ချင်းပြောသင့်တယ်လို့ ငါထင်တယ်။
I think you'd better speak to Htwe at once about this matter.
အိမ်မှာ ရက်အနည်းငယ်လောက်နေပြီး အနားယူသင့်တယ်လို့ ဆရာဝန်က သူ့ ကိုပြောတယ်။
The doctor told him he'd better go home and rest for a few days.
ငါ သူမကို မလှည့်စားသင့်ဘူးဆိုတာ ငါ့ကိုငါ သိပါတယ်ကွာ။
I know myself I'd better not play a trick on her.

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

S + make(o) + Adjective အောင်လုပ်သည်

Do you	make me glad?	မင်းငါ့ကို ဝမ်းသာအောင်လုပ်နေတာလား။
	make me shameful?	မင်းငါ့ကို အရှက်ကွဲအောင်လုပ်နေတာလား။
	make me jealous?	မင်းကငါ့ကို မနာလိုဖြစ်အောင်လုပ်နေတာလား။
	make me foolish?	မင်းငါ့ကို အရူးလုပ်နေတာလား။
	make me late?	မင်းငါ့ကို နောက်ကျအောင်လုပ်နေတာလား။
	make her petulant?	မင်းသူမကို စိတ်ကောက်အောင်လုပ်နေတာလား။
	make her angry?	မင်းသူမကို စိတ်ဆိုးအောင်လုပ်နေတာလား။
	make her afraid?	မင်းသူမကို ကြောက်အောင်လုပ်နေတာလား။
	make her sad?	မင်း သူမကိုဝမ်းနည်းအောင်လုပ်နေတာလား။
	make them funny?	မင်း သူတို့ကိုရယ်စရာလုပ်နေတာလား။
	make them tired?	မင်း သူတို့ကိုပင်ပန်းအောင်လုပ်နေတာလား။
	make them disappointed?	မင်း သူတို့ကိုစိတ်ပျက်အောင်လုပ်နေတာလား။
	make them excited?	မင်း သူတို့ကိုစိတ်လှုပ်ရှားအောင်လုပ်နေတာလား။

Free for All

Don't you make her wonderful? မင်း သူမကိုအံ့သြအောင်မလုပ်လိုက်ဘူးလား။
Don't you make her shocked? မင်း သူမကိုအထိတ်တလန့်ဖြစ်အောင်မလုပ်လိုက်ဘူးလား။
I made it clear. ကျွန်တော်အတိအလင်းပြောခဲ့တယ်။
I made them happy. ငါ သူတို့ကိုပျော်အောင်လုပ်လိုက်တယ်။
You make me very unhappy. မင်း ငါ့ကိုသောကရောက်အောင်လုပ်တယ်။
They make him rude. သူတို့က သူ့ကိုမိုက်ရိုင်းအောင်လုပ်နေကြတာလေ။
She makes me clever. သူမ ကျွန်တော်ကိုလိမ်မာအောင်လုပ်တယ်။
She makes him disappointed. သူမက သူ့ကိုစိတ်ပျက်အောင်လုပ်လိုက်တာလေ။

Don't make
- me mad. ငါ့ကို ရူးအောင်မလုပ်ပါနဲ့ကွာ။
- me wrong. ငါ့ကို မှားအောင်တော့ မလုပ်ပါနဲ့။
- me dirty. ငါ့ကို ညစ်ပတ်အောင် မလုပ်ပါနဲ့ကွာ။
- her shy. သူမကို ရှက်အောင်မလုပ်ပါနဲ့။
- them noisy. သူတို့ကို ဆူအောင်မလုပ်ပါနဲ့ဗျာ။
- me cruel. ငါ့ကို ရက်စက်အောင်မလုပ်ပါနဲ့။
- me frantic. ငါ့ကို ဗျာများအောင်မလုပ်ပါနဲ့ကွာ။
- me downcast ငါ့ကို စိတ်အားငယ်အောင် မလုပ်ပါနဲ့။

Why do you
- make her sad? သူမကို ဘာကြောင့်ဝမ်းနည်အောင်လုပ်တာလဲ။
- make her furious? သူမကို ဘာကြောင့်ဒေါသထွက်အောင်လုပ်တာလဲ။
- make her disappiond? သူမကို ဘာကြောင့်စိတ်ပျက်အောင်လုပ်တာလဲ။
- make her surprised? သူမကို ဘာကြောင့်အံ့သြအောင်လုပ်တာလဲ။
- make her petulant? သူမကို ဘာကြောင့်စိတ်ကောက်အောင်လုပ်တာလဲ။
- make them foolish? မင်းဘာကြောင့် သူတို့ကို အရူးလုပ်တာလဲ။
- make it thin? မင်းဘာကြောင့် အဲ့ဒါကို ပါး အောင်လုပ်တာလဲ။
- make it shirp? မင်းဘာကြောင့် ချွန်အောင်လုပ်လိုက်တာလဲ။
- make it dirty? မင်းဘာကြောင့် အဲ့ဒါကိုညစ်ပတ်အောင်လုပ်တာလဲ။

Why don't you make it good? ဘာဖြစ်လို့ အဲ့ဒါကိုကောင်းအောင်မလုပ်တာလဲ။
Why don't you make it tame? ဘာဖြစ်လို့ ယဉ်ပါးအောင်မလုပ်တာလဲ။

Why don't you make it neat? ဘာဖြစ်လို့ သပ်သပ်ရပ်ရပ်မလုပ်တာလဲ။
Why don't you make it beautiful? ဘာဖြစ်လို့ လှအောင်မလုပ်တာလဲ။

ကျွန်တော် သူမကိုစိတ်ဆိုးအောင်လုပ်ပေမယ့် သူမကတော့ အပြုံးမပျက်ပါဘူး။
She smiles though I made her angry.
သူတို့ ကျွန်တော်ကို စိုးရိမ်အောင်လုပ်တဲ့အတွက်ကြောင့် ကျွန်တော်ဒေါသထွက်သွားတယ်။
I feel angry as they make me serious.
ကျွန်တော် သူတို့ကို ဗျာများအောင်လုပ်မိတဲ့အတွက်ကြောင့် ကျွန်တော်တောင်းပန်ခဲ့ပါတယ်။
I apologized because I make them frantic.
သူက ကျွန်တော်ကို သည်းမခံနိုင်အောင်ပြုလုပ်ခဲ့တယ်၊ အဲ့ဒါကြောင့် ကျွန်တော်ခွင့်မလွှတ်နိုင်ဘူး။
He makes me impatient so I can't forgive him.
သူတို့ အဲ့ဒါကို အောင်မြင်အောင်မလုပ်နိုင်ပေမဲ့ ကျွန်တော်သူတို့ကို လေးစားတယ်ဗျာ။
They can't make it successful but I respect them.
သူ ကျွန်တော့်ကို ဆရာလုပ်တယ် အဲ့ဒါကြောင့် သူကို ကျွန်တော်ကြည့်လို့မရဘူးဗျာ။
He makes me bossy so I cross him.
ခင်ဗျားတို့ ကျွန်တော့်သားသမီးတွေကိုလိမ္မာယဉ်ကျေးအောင်လုပ်ပေးလို့ ခင်ဗျားတို့ကို ကျေးဇူးတင်ပါတယ်။
I thank you because you make my children clever and polite.
မင်း သူတို့ကို စိုးရိမ်အောင်မလုပ်သင့်ဘူးလို့ ငါထင်တယ်။
I think you shouldn't make them anxious.

Free for All

S + make(o) + V_1^0

စေသည်၊ ခိုင်းသည်၊ စေခိုင်းသည်၊ အောင်လုပ်သည်

I make her cry. သူမကို ကျွန်တော် ငိုအောင်စလိုက်တာပါ။
I make them play in the park. သူတို့ကို ပန်းခြံထဲမှာ ကစားခိုင်းထားတယ်။
I make him go there. ကျွန်တော် သူကို အဲ့ဒီကိုသွားခိုင်းထားတယ်။
I make her look after my son. ကျွန်တော့်သားကို သူမထိန်းနေတယ်။

I didn't make them take a rest. ကျွန်တော် သူတို့ကို မနားခိုင်းခဲ့ပါဘူး။
I didn't make them stop working. သူတို့ကို အလုပ်မရပ်ခိုင်းခဲ့ပါဘူး။

I don't make her enter the room. သူမကို အခန်းထဲမဝင်ခိုင်းပါဘူး။
I don't make him buy it. ကျွန်တော် သူကိုအဲဒါ မဝယ်ခိုင်းလိုက်ပါဘူး။

She makes me laugh. သူမ ကျွန်တော့်ကို ရယ်အောင်လုပ်တာလေ။
She makes me kiss. သူမ ကျွန်တော့်ကို နမ်းခိုင်းတာလေ။
She makes me kill them. သူမက သူတို့ကို ကျွန်တော့်အားသတ်ခိုင်းတာ။
She makes me drive car. သူမက ကျွန်တော့်ကို ကားမောင်းခိုင်းတာပါ။
She makes me wait here. သူမ ကျွန်တော့်ကို ဒီမှာစောင့်ခိုင်းထားတာပါ။

Do you make me pretend? မင်းက ငါ့ကို ဟန်ဆောင်ခိုင်းတာလား။
Do you make her dance? မင်းက သူမကို ကခိုင်းတာလား။
Do you make him try best? မင်း သူ့ကို ကြိုးစားခိုင်းထားတာလား။
Do you make them read? မင်း သူတို့ကို စာဖတ်ခိုင်းထားတာလား။
Do you make me speak English? မင်းက ငါ့ကို အင်္ဂလိပ်စကားပြောခိုင်းနေတာလား။

Don't you make him take a seat? သူ့ကို မထိုင်ခိုင်းတော့ဘူးလား။
Don't you make her study it? သူမကို အဲ့ဒါ မလေ့လာခိုင်းဘူးလား။

Don't make him buy it? သူ့ကို အဲ့ဒါ မဝယ်ခိုင်းနဲ့လေ။
Don't make him go there? သူ့ကို အဲ့ဒီကို မသွားခိုင်းနဲ့။
Don't make her stay at home? သူမကို အိမ်မှာ မတည်းခိုင်းနဲ့ကွာ။
Don't make them come here? သူတို့ကို ဒီကိုမလာခိုင်းပါနဲ့။
Don't make them know? သူတို့ကို မသိစေနဲ့ကွာ။
Don't make them leave? သူတို့ကို ထွက်မသွားစေနဲ့။

Where do you make them go? မင်း သူတို့ကို ဘယ်သွားခိုင်းတာလဲ။
What does he make you sit? သူက မင်းကို ဘာဖြစ်လို့ထိုင်ခိုင်းတာလဲ။
When did they make you ask? သူတို့ မင်းကို ဘယ်တုန်းကမေးခိုင်းတာလဲ။
How do you make them drink? မင်းက သူတို့ကိုဘယ်လိုဖြစ်လို့အရက်သောက်ခိုင်းတာလဲ။

Why do you make me sleep? မင်းဘာကြောင့် ငါ့ကိုအိပ်ခိုင်းတာလဲ။
Why do you make me return? မင်းဘာကြောင့် ငါ့ကိုပြန်လာခိုင်းတာလဲ။
Why do you make me cancel it? ဘာကြောင့် ကျွန်တော့်ကို အဲ့ဒါပယ်ဖျက်ခိုင်းတာလဲ။
Why do you make me check it? ဘာကြောင့်ကျွန်တော့်ကို စစ်ဆေးခိုင်းတာလဲ။
Why do you make me ask? ဘာကြောင့်ကျွန်တော့်ကို မေးခိုင်းတာလဲ။
Why do you make me think? ဘာကြောင့်ကျွန်တော့်ကို ခင်ဗျားကစဉ်းစားခိုင်းတာလဲ။
Why do you make me borrow it? ဘာကြောင့်ကျွန်တော့်ကို အဲ့ဒါငှားခိုင်းတာလဲ။
Why do you make me kneel down? ဘာကြောင့်ကျွန်တော့်ကို ဒူးထောက်ခိုင်းတာလဲ။
Why do you make me hide? ဘာကြောင့်ကျွန်တော့်ကို ခင်ဗျားကပုန်းခိုင်းတာလဲ။

ကျွန်တော် သူတို့ကို စာမေးပွဲဖြေခိုင်းတယ် ဒါပေမဲ့ မကြိုးစားကြဘူးလေ။
I made them sit the exam but they didn't try best.
မီးခိုးအူ၍ မျက်ရည်ဝိုင်းလာတဲ့အတွက်ကြောင့် သူအပြင်ထွက်သွားတယ်။
He went out because the dense smoke made his eyes water.
ကြက်သွန်က မျက်ရည်ကျစေတယ်နော် အဲ့ဒါကြောင့် မင်းဂရုစိုက်ရမယ်။
Onions made your eyes water so you be careful.

Free for All

သူတို့ ကျွန်တော့်ကို ပုံပြင်တစ်ပုဒ်လုံး ပြန်ပြောခိုင်းတယ်ဗျာ။
They made me repeat the whole story.
သူတို့က အဲ့ဒီအကြောင်းစုံစမ်းခိုင်းပေမယ့် ကျွန်တော်မေ့သွားတယ်ဗျာ။
I forget though they made me inquire about that.
မင်း ငါ့ကို မုန်းခိုင်းပေမယ့် ငါမမုန်းနိုင်ဘူးလေ။
You made me hate but I can't do.
ကျွန်တော် အဲ့ဒါကို ဘယ်မှာဝှက်ထားသလဲဆိုတာ သူတို့က ဝန်ခံခိုင်းတယ်။
They made me confess where I hid it.

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

Let (o) + V_1^0 စေ/စို့

(ခွင့်ပြုချက်, ခွင့်တောင်း, ဆန္ဒပြုတဲ့အခါမျိုးမှာသုံးပါသည်။)

Let's speak English happily. အင်္ဂလိပ်စကားကို ပျော်ပျော်ရွှင်ရွှင်ပြောကြစို့။
study English eagerly. အင်္ဂလိပ်စာကို စိတ်အားထက်သန်စွာလေ့လာကြစို့။
go to dance. သွားကကြစို့။
stop now. အခုတော်ကြစို့။
take a rest. အနားယူကြစို့။
sing the song. သီချင်းဆိုကြစို့။
go shopping now. အခု ငါ့တို့ ဈေးဝယ်ထွက်ကြစို့။
dance together, baby. အတူတူကကြစို့ ကလေးရေ။
have a dinner. ညစာစားကြစို့ဟော့။
go to school. ငါတို့ကျောင်းသွားကြစို့ဟော့။
start now. ကဲ အခုစကြစို့ဟော့။
ask them. ကျွန်တော်တို့ သူတို့ကိုမေးလိုက်ကြစို့။
take meditation. တရားထိုင်ကြစို့။
apologize her. သူမကို တောင်းပန်လိုက်ကြစို့။

Let's swim here. ဒီမှာ ငါတို့ ရေကူးကြစို့။
wait for them here. သူတို့ကို ဒီမှာပဲစောင့်ကြစို့။
consult about it. အဲ့ဒီအကြောင်း တိုင်ပင်ဆွေးနွေးကြစို့။
listen to the music. သီချင်းနားထောင်ကြစို့။
try best to improve our English. အင်္ဂလိပ်စာတိုးတက်ဖို့ကြိုးစားကြစို့။
check it. အဲ့ဒါကိုစစ်ဆေးကြစို့။

Let's not say any more about it. အဲ့ဒီအကြောင်း မပြောဘဲနေကြစို့။
sleep tonight. ဒီည မအိပ်ဘဲနေကြစို့ဟော့။
move. ငြိမ်ငြိမ်လေးနေကြစို့။
go there tomorrow. မနက်ဖြန်အဲ့ဒီကို မသွားဘဲနေကြစို့ကွာ။
buy it now. အဲ့ဒါကို အခု မဝယ်ဘဲနေကြစို့။
have any food tonight. ဒီည အစားမစားဘဲနေကြစို့။
take it. ငါတို့ အဲ့ဒါကို မယူဘဲနေကြစို့ကွာ။
go back there. အဲ့ဒီကို မပြန်ဘဲနေကြစို့။

Let her leave. သူမကို ထွက်သွားခွင့်ပြုလိုက်ပါ။(ထွက်သွားပါစေ)
Let them play. သူတို့ ကစားကြပါစေဗျာ။
Let me know about that. အဲ့ဒီအကြောင်းသိပါရစေ။(သိခွင့်ပြုပါ။)
Let them take a rest for a while. သူတို့ကို ခဏလောက်တော့နားခွင့်ပြုလိုက်ပါ။
Let me be in. ကျွန်တော့်ကို အထဲဝင်ခွင့်ပြုပါခင်ဗျာ။
Let me sit down here. ဒီမှာ ထိုင်ခွင့်ပြုပါ။
Let him be out. သူ့ကို ထွက်သွားခွင့်ပြုလိုက်ပါ။
Don't let them move. သူတို့ကို ထွက်မသွားစေနဲ့။
Don't let children cry. ကလေးတွေကို မငိုစေနဲ့နော်။
Don't let her know about that. အဲ့ဒီအကြောင်း သူမကိုမသိစေနဲ့။
Don't let them hear. သူတို့ မကြားစေနဲ့ကွာ။
Don't let them see. သူတို့ကို မမြင်စေနဲ့။

Free for All

မင်းသိစေဖို့အတွက် ငါဖုန်းဆက်တာကို မင်းစိတ်ဆိုးတာလား။
Do you feel angry with me I called you up to let you know it?
မင်း သူတို့ကို အဲ့ဒီကို သွားစေချင်တယ်ဆိုရင် ဘာ့ကြောင့် မင်းမကူညီလိုက်တာလဲ။
Why didn't you help if you let them go there?
သူတို့ အလုပ်မလုပ်ရင် သူတို့ တော်ကြပစေပေါ့။
If they don't work, let them starve.
ငါ မင်းကို ဘာ့ကြောင့် လာစေချင်သလဲဆိုတာ မင်းသိပြီးရောပေါ့။
You've known why I let you come here.
မင်း သိစေဖို့ ငါ မင်းထံ ဖုန်းဆက်ခဲ့ပေမယ့် မင်းက အိမ်မှာမရှိဘူး။
You weren't at home though I called up to let you know.
မင်း ငါ့ကို အဆင်ပြေစေဖို့ ကူညီတာကျေးဇူးတင်ပါတယ်။
Thank a lot because you helped to let me improve.
မင်း ငါ့ကို ခွင့်လွှတ်စေဖို့အတွက် ငါထပ်တောင်းပန်ပါတယ်။
I apologize you again to let you forgive me.
မင်းကို ငါ အရက်တိုက်ပါရစေကွာ။
Let me stand you a drink!
ကျွန်တော် တစ်ခါလောက်ကြိုးစားပါရစေ။
Let me have a try.
ဘယ်မှာ နေသလဲဆိုတာ သိခွင့်ပြုပါခင်ဗျာ။
Let me know where you live.
ဒီမိန်းကလေး ရိုင်းစိုင်းတာကို ကျွန်တော်ဆက်ပြီးသည်းမခံနိုင်တော့လို့ ပြန်ပါရစေတော့။
Let me go back I can't stand her rudeness any longer.

S + { dare to / dare } + V_1^0 ရဲသည်၊ ဝံ့သည်၊ ရဲဝံ့သည် (ပြော/လုပ်) ရက်တယ်။

I dare to speak English.	ကျွန်တော်အင်္ဂလိပ်စကားပြောရဲပါတယ်။
I dare to do it.	ကျွန်တော်အဲ့ဒါကို လုပ်ရဲပါတယ်။
I dare to ask her.	သူမကို ကျွန်တော်မေးရဲပါတယ်။
I don't dare to go there.	ကျွန်တော် အဲ့ဒီကိုမသွားရဲဘူးဗျာ။
I don't dare to dance.	ကျွန်တော် မကရဲဘူးလေ။
I don't dare to sleep alone.	ကျွန်တော် တစ်ယောက်တည်းမအိပ်ရဲဘူး။
Do you dare to swim across the river?	မြစ်ကိုဖြတ်ပြီးရေကူးရဲလား။
sing a song?	သီချင်းဆိုရဲပါသလား။
teach English?	အင်္ဂလိပ်စာသင်ပြရဲပါသလား။
wait for me here?	မင်းဒီမှာ ငါ့ကိုစောင့်နေရဲသလား။
tell lies them?	သူတို့ကို ခင်ဗျားလိမ်ပြောရဲပါသလား။
steal it at night?	ညမှာ အဲ့ဒါကိုခိုးယူရဲသလား။
leave me?	မင်း ကိုယ့်ကိုထားခဲ့ရက်လို့လား။
Don't you dare to come here alone?	မင်းတစ်ယောက်တည်းဒီကို မလာရဲဘူးလား။
Don't you dare to come along with me?	မင်း ကိုယ်နဲ့မလိုက်ရဲဘူးလား။
Don't you dare to decide it by yourself?	အဲ့ဒါကို မင်းကိုယ်တိုင်မဆုံးဖြတ်ရဲဘူးလား။
Don't you dare to drink alcohol?	ခင်ဗျားအရက်မသောက်ရဲဘူးလား။
Don't you dare to order them?	ခင်ဗျား သူတို့ကို အမိန့်မပေးရဲဘူးလား။
You dare say like that.	မင်း အဲ့ဒီလိုပြောရက်တယ်နော်။
I dare explain it.	ကျွန်တော် အဲ့ဒါကိုရှင်းပြရဲပါတယ်။

Free for All

I don't dare to hear your cry. ငိုသံကို မကြားရက်လို့ပါ။
I don't dare to ask her like that. သူမကို အဲ့ဒီလို မမေးရက်ဘူးကွာ။

Does she dare to meet him? သူမက သူကိုတွေ့ရဲသေးသလား။
Does she dare to talk back them? သူမက သူတို့ကို ပြန်ပြောရဲသလား။

Doesn't she dare to take medicine? သူမ ဆေးမသောက်ရဲဘူးလား။
Doesn't he dare to call her up? သူက သူမထံ ဖုန်းမဆက်ရဲဘူးလား။

Don't they dare to lift it? သူတို့ အဲ့ဒါကို မ,မရဲကြဘူးလား။
Don't they dare to compete you? သူတို့ မင်းကို မယှဉ်ရဲဘူးလား။
Don't you dare to scold them? ခင်ဗျား သူတို့ကို မဆူရဲဘူးလား။
Don't you dare to blame her? သူမကို မင်းအပြစ်မတင်ရက်ဘူးလား။

ကျွန်တော် သူတို့ကို မတွေ့ဖူးလို့ မယုံရဲဘူးလေဗျာ။
I don't dare to believe because I haven't seen them.
မင်းတို့ ကတိမပေးရဲဘူးဆိုရင်လည်း ငါ့အတွက်တော့ ကိစ္စမရှိပါဘူး။
It doesn't matter for me if you don't dare to give promise.
အဲ့ဒီကို ဘယ်လိုသွားရမလည်းဆိုတာ မင်းသူမကို မေးရဲလား။
Do you dare to ask her how we'll go there?
ခင်ဗျားလုပ်ခဲ့တဲ့အတိုင်း ပြောရဲလို့လား။
Do you dare to say as you did?
သူမရှက်နေတဲ့အတွက်ကြောင့် ကျွန်တော့်ကို မြင်မြင်ချင်း မကြည့်ရဲဘူးလေ။
She doesn't dare to look at me as soon as she sees because she's shy.
မင်းဘယ်သူ့ကို ချစ်သလဲဆိုတာ ငါ့ကို ဖွင့်ပြောရဲသလား။
Do you dare to speak out who you love?
မင်းနားမှာ ငါရှိနေတာတောင် အဲ့ဒါကို မင်းမလုပ်ရဲဘူးလား။
Don't you dare to do it even I'm near you?

ကိုယ်အဲ့ဒီလိုမပြောရက်လို့ ပြန်လာခဲ့တာကွာ။
I returned because I didn't dare to say like that.
ဘာ့ကြောင့် ကိုယ့်အနားမှာ မထိုင်ရဲသလဲဆိုတာ ကိုယ်သိချင်တယ်။
I'd like to know why you don't dare to sit down near me.
မင်းလိုချင်တယ်ဆိုရင် စွန့်စားရဲမယ်လို့ ကိုယ်ထင်တယ်။
I think you dare to take a risk if you wish.
မင်းကို သိပ်ချစ်လို့ ဘာပဲလုပ်လုပ် ကိုယ်မပြောရက်ဘူး။
I don't dare to say whatever you do(that) I love you so much.
အင်္ဂလိပ်စကားမပြောရဲဘူးဆိုရင် မင်းကြိုးစားကြည့်ပါလား။
You try best if you don't dare to speak English.
မမုန်းရက်, မမေ့ရက်နိုင်ဘူး ဘာ့ကြောင့်လည်းသိလား။
I don't dare to hate and forget you, why you know?

ဝါကျတိုတာလေးတွေ တည်ဆောက်တတ်ရင် ခက်တာလည်း ရနိုင်ပါတယ်။ အဓိကအခြေခံ အကြောင်းတရားပင်မကိုပိုင်နိုင်မှရှိရင် ရှေ့ဆက်လျှောက်ရမယ့်လမ်းဟာ ချောမွေ့ပြီးသာယာဖြောင့်ဖြူးနေမှာပါ။ အားပေးနေပါတယ် ကြိုးစားကြည့်ပါ။ ပထမတစ်ကြိမ်မရရင် ဒုတိယတစ်ကြိမ်ထပ်လုပ်ပါ။နည်းနာတွေ တော့်ကောင်းဖို့လိုလိမ့်မယ်။

1. You dare to do it.
2. You don't dare to do it.
3. Do you dare to do it?
4. Don't you dare to do it?
5. You dare to do it, don't you?
6. You don't dare to do it, do you?

Free for All

S + need to + V_1^0 လိုအပ်သည်
S + need + N,Pro, Ving
No need to + V_1^0

Do you need to go there again? မင်း အဲ့ဒီကိုထပ်သွားဖို့လိုသလား။
wait for them? မင်း သူတို့ကိုစောင့်ဖို့လိုသလား။
encourage her? သူမကို ခင်ဗျားအားပေးဖို့လိုသလား။
ask him? ခင်ဗျား သူ့ကိုမေးဖို့လိုသလား။
take care of yourself? မင်းကိုယ်မင်း ဂရုစိုက်ဖို့လိုသလား။
discuss with me? မင်း ငါနဲ့ဆွေးနွေးတိုင်ပင်ဖို့ လိုသလား။
Do you need to think it again? မင်း အဲ့ဒါကိုထပ်စဉ်းစားဖို့လိုသလား။

Don't you need to speak English? မင်းအင်္ဂလိပ်စကားပြောဖို့ မလိုအပ်ဘူးလား။
explain it? အဲ့ဒါကို မင်းရှင်းပြဖို့ မလိုအပ်ဘူးလား။
pretend? ခင်ဗျား ဟန်ဆောင်ဖို့မလိုအပ်ဘူးလား။
destroy it? မင်း အဲ့ဒါကိုဖျက်ဆီးဖို့မလိုဘူးလား။
love her? မင်း သူမကိုချစ်ဖို့မလိုအပ်ဘူးလား။
believe them? မင်း သူတို့ကိုယုံကြည်ဖို့မလိုအပ်ဘူးလား။
try it more? မင်း အဲ့ဒါကိုထပ်ကြိုးစားဖို့ မလိုအပ်ဘူးလား။
help her? မင်း သူမကိုကူညီဖို့ မလိုအပ်ဘူးလား။
discuss with her? မင်း သူမနဲ့ဆွေးနွေးဖို့ မလိုအပ်ဘူးလား။

I need to help him. ကျွန်တော် သူ့ကိုကူညီဖို့လိုတယ်။
request them. ကျွန်တော် သူတို့ကိုတောင်းပန်ဖို့လိုတယ်လေ။
live in Yangon. ကျွန်တော် ရန်ကုန်မှာနေဖို့လိုတယ်ဗျာ။
have a kind heart. ကျွန်တော် အကြင်နာတရားရှိဖို့လိုတယ်လေ။
take meditation. ကျွန်တော် တရားထိုင်ဖို့လိုအပ်တယ်လေ။
rely on myself. ကျွန်တော် ကိုယ့်ကိုကိုယ်အားကိုးဖို့လိုတယ်လေ။
I need to look after my parents. ကျွန်တော့် မိဘတွေကိုစောင့်ရှောက်ဖို့လိုတယ်။

I don't need to tell lies you. ကျွန်တော် ခင်ဗျားကိုလိမ်ပြောဖို့မလိုပါဘူး။
I don't need to give up. ကျွန်တော် လက်လျှော့ဖို့မလိုပါဘူးဗျာ။
I don't need to blame anyone. ကျွန်တော် ဘယ်သူ့ကိုမှအပြစ်တင်ဖို့မလိုပါဘူး။

You don't need to know about me. ခင်ဗျာ ကျွန်တော့်အကြောင်းသိဖို့မလိုပါဘူး။
You don't need to order me. မင်း ငါ့ကိုအမိန့်ပေးစရာမလိုပါဘူးကွာ။
You don't need to feel pity on me. မင်း ငါ့ကိုသနားစရာမလိုပါဘူး။
You don't need to fear everyone. မင်း ဘယ်သူ့ကိုမှကြောက်စရာမလိုပါဘူး။

They need money. သူတို့ ငွေလိုနေတယ်လေ။
They need your help. သူတို့ မင်းရဲ့အကူအညီကို လိုနေကြတယ်ကွာ။
They need your encouragement. သူတို့ မင်းရဲ့အားပေးမှုကို လိုအပ်နေတယ်။

He needs her love. သူက သူမရဲ့အချစ်ကို လိုအပ်နေတာပါ။
He needs effort. သူလုံ့လဝီရိယလိုနေတယ်။

I need success. ကျွန်တော်အောင်မြင်မှုလိုအပ်တယ်။
I need experience. ကျွန်တော်အတွေ့အကြုံလိုတယ်ဗျာ။
I need knowledge. ကျွန်တော်ဗဟုသုတလိုတယ်လေ။

No need to say. ပြောဖို့မလိုပါဘူး။
talk back. မင်းပြန်ပြောဖို့ မလိုပါဘူး။
return. မင်းပြန်လာဖို့ မလိုဘူးနော်။
hope it. မင်းမျှော်လင့်ဖို့မလိုပါဘူး။
look at me. မင်း ငါ့ကို ကြည့်ဖို့မလိုပါဘူး။
abuse them. မင်း သူတို့ကို ဆဲဖို့မလိုပါဘူး။
smoke. မင်း ဆေးလိပ်သောက်ဖို့မလိုဘူး။

Free for All

No need to go out. မင်းအပြင်ထွက်ဖို့မလိုဘူး။
give an order. မင်းအမိန့်ပေးဖို့ မလိုပါဘူး။
believe me. မင်း ငါ့ကို ယုံကြည်ဖို့မလိုပါဘူး။

မင်းအဲ့ဒီကို သွားဖို့လိုတယ်လို့ ငါထင်တယ်။ အဲဒါကြောင့် ငါ မင်းဆီလာခဲ့တာပါ။
I think you need to go there, so I came to you.
မင်းတို့ အင်္ဂလိပ်စကား များများပြောဖို့ လိုတယ်လို့ငါထင်တယ်ကွာ။
I consider you need to speak English a lot.
မင်း သူတို့ကို ယုံကြည်ဖို့မလိုဘူး။ ဒါပေမဲ့ သူတို့နဲ့အပေါင်းအသင်းလုပ်ရမယ်။
You don't need to trust them but you must associate with.
မင်း အင်္ဂလိပ်စကားမြန်မြန်ပြောတတ်ချင်ရင် သင်တန်းမှန်မှန်တက်ဖို့ လိုတယ်နော်။
You need to attend the class regularly if you can speak English quickly.
မင်း တော်တဲ့ကျောင်းသားတစ်ယောက်ဖြစ်ဖို့ စာကြိုးစားဖို့လိုတယ်ဆိုတာ မင်းသိပြီးသားပါ။
You've already known you need to try to become a good student.
မင်းတို့ ဘာကြောင့် အဲဒီကိုသွားခဲ့ကြသလဲဆိုတာ ငါသိဖို့တော့လိုတာပေါ့ကွာ။
I need to know why you went there.
ငါ ဘာပဲလုပ်လုပ် မင်းနားလည်ဖို့တော့လိုတယ်လေ။
You need to understand whatever I do.
မိဘတွေကို ထောက်ပံ့ပေးဖို့လိုတယ်ဆိုတာ မင်းမသိဘူးလား။
Don't you know you need to support your parents?
မင်းသူမကို လက်ထပ်ရင်စိတ်ရှည်သည်းခံဖို့ လိုလိမ့်မယ်။
You'll need to bear in mind if you get married her.
မင်း သူတို့ကို ရိုက်စားလုပ်ဖို့မလိုဘူးဆိုတာ မင်းသိသင့်တယ်ကွာ။
You should know you don't need to make money to them.
ငါ သူတို့ကို ကူညီဖို့လိုတယ်လို့ မင်းမထင်မိဘူးလား။
Don't you think I need to help them?

S + { can't resist / can't help / can't stand } + Ving
မလုပ်ဘဲမနေနိုင်။

I can't resist thinking about you everyday.
မင်းအကြောင်းကို နေ့စဉ်မတွေးဘဲ/ မစဉ်းစားဘဲ မနေနိုင်လို့ပါ။
I can't resist speaking English everywhere.
ကျွန်တော် နေရာတိုင်းမှာ အင်္ဂလိပ်စကား မပြောဘဲ မနေနိုင်ဘူးဗျာ။
I can't resist watching T.V every night.
ကျွန်တော် ညစဉ် T.V မကြည့်ဘဲ မနေနိုင်ပါဘူး ခင်ဗျာ။
I can't resist reading a lot of books.
ကျွန်တော်စာမဖတ်ဘဲ မနေနိုင်လို့ပါ။
I can't resist getting up early morning everyday.
နေ့စဉ် မနက်စောစော အိပ်ရာမထဘဲ မနေနိုင်ဘူးလေ။
I can't resist having a meal three times per day.
ကျွန်တော် တစ်နေ့သုံးကြိမ်ထမင်းမစားဘဲ မနေနိုင်ဘူးဗျာ။
They can't help gossiping about others.
သူတို့က သူများအကြောင်းကို အတင်းအဖျင်းမပြောဘဲ မနေနိုင်ဘူး။
They can't help quarreling with each other at home.
သူတို့ အိမ်မှာတစ်ယောက်ကိုတစ်ယောက် စကားမများဘဲ မနေနိုင်ကြဘူးဗျာ။
They can't help playing football with their friends daily.
သူတို့ဟာ သူငယ်ချင်းတွေနဲ့နေ့စဉ် ဘောလုံးမကန်ဘဲ မနေနိုင်ကြဘူး။
He can't resist playing the guitar infront of her house everynight.
သူ ညစဉ် သူမအိမ်ရှေ့မှာ ဂီတာမတီးဘဲ မနေနိုင်ပါဘူးဗျာ။
He can't help drinking a cup of wine everyevening.
သူ ညနေတိုင်း အရက်တစ်ခွက်လောက် မသောက်ဘဲ မနေနိုင်ဘူးလေ။

Free for All

She can't resist calling me up everyweekend.
သူမ ကျွန်တော့်ထံသို့ အပတ်စဉ် ဖုန်းမဆက်ဘဲ မနေနိုင်ဘူးလေ။

She can't resist singing a song. သူမ သီချင်းမဆိုဘဲ မနေနိုင်ဘူးလေ။
She can't resist using make-up. သူမ မိတ်ကပ်မသုံးဘဲ မနေနိုင်ဘူးဗျာ။
She can't resist crying. သူမ မငိုဘဲ မနေနိုင်ဘူး။
She can't resist dancing. သူမ မကဘဲ မနေနိုင်ဘူး။

Can't you resist smoking? မင်း ဆေးလိပ်မသောက်ဘဲမနေနိုင်ဘူးလား။
Can't you help drinking alcohol? မင်း အရက်မသောက်ဘဲမနေနိုင်ဘူးလား။

Can you resist sleeping? မင်း မအိပ်ဘဲနေနိုင်သလား။
Can you resist sitting? မင်း မထိုင်ဘဲနေနိုင်သလား။
Can you resist taking meditation? မင်း တရားမထိုင်ဘဲနေနိုင်သလား။
Can you resist teaching English? မင်း အင်္ဂလိပ်စာမသင်ဘဲနေနိုင်သလား။

ကျွန်တော် စတော်ဘယ်ရီတွေ့ရင် မစားဘဲမနေနိုင်ဘူးဆိုတာ ခင်ဗျားသိပါတယ်။
I just can't resist strawberries, you know.
သူကို ကြည့်ရသည်မှာရယ်စရာကောင်းနေ၍ ကျွန်တော်မရယ်ဘဲမနေနိုင်ပါ။
He looked so funny that I couldn't help laughing.
သူမ ဒူးရင်းသီးတွေ့ရင် မစားဘဲမနေနိုင်ဘူးဆိုတာ ကျွန်တော်က မသိဘူးလေဗျာ။
I don't know she just can't resist durian.
သူတို့ ဘာကြောင့် မခိုးဘဲမနေနိုင်ကြသလဲဆိုတာ ကျွန်တော်သိချင်တယ်။
I'd like to know why they can't help stealing.
သူမဟာ မနောက်ဘဲမနေနိုင်တာကြောင့် ကျွန်တော်စိတ်ညစ်နေပြီဗျာ။
I'm disappointed because she can't resist making a joke.
ကျွန်တော် အင်္ဂလိပ်စာမသင်ဘဲမနေနိုင်ဘူးဆိုတာ မင်းသိပါတယ်ကွာ။
You know I can't help teaching English.

သူတို့ဟာ မကြွားဘဲ မနေနိုင်ကြဘူးလို့ ကျွန်တော်ထင်မိတယ်။
I think they can't resist boasting.
ကျွန်တော့်ကျန်းမာရေးကိုတော့ ဂရုမစိုက်ဘဲမနေနိုင်ဘူးလေ။
I can't help taking care of my health.
ကျွန်တော် ဆေးလိပ်မသောက်ဘဲမနေနိုင်ဘူးဗျာ။
I can't stand smoking.
သူတို့ ဒီကိုမလာဘဲမနေနိုင်ကြဘူးလေ။
They can't stand coming here.
မင်း သူမကို မစောင့်ဘဲမနေနိုင်ဘူးဆိုတာငါသိပါတယ်။
I know you can't stand waiting for her.
သူမ ရေမကူးဘဲမနေနိုင်ဘူးဆိုတာမင်းသိသလား။
Do you know he can't stand swimming?

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

S + be going to + V_1^0 လိမ့်မယ်/တော့မယ်
S + be going to + time-phrase

လုပ်တော့မည့် ဖြစ်တာမည့်ဆဲဆဲ သေချာကြောင်းကိုပြ။

will ထက် going to ကလူဆိုရင် ကြံစွမ်းရက်/ သေချာမှုကိုဖော်ပြသည်၊အရာဝတ္ထုဆိုရင် သေချာမှု ကောန်မုစ္ဆဖြစ်မှုကိုပြသည်။

I'm going to be back. ကိုယ် ပြန်တော့မယ်ကွာ။
study my lessons. ကိုယ် စာကျက်တော့မယ်။
see her. ကိုယ် သူမကို တွေ့မယ်။
be there. ကိုယ် အဲဒီမှာ ရှိမယ်ကွ။
buy a car. ကျွန်တော် ကားတစ်စီးဝယ်မယ်။
drink a cup of tea. ကျွန်တော် လှော်ရည်သောက်မယ်။
go abroad. ကျွန်တော် နိုင်ငံခြားသွားတော့မယ်။

Free for All

We are going to sleep. ကျွန်တော်တို့ အိပ်တော့မယ်။
We are going to take a seat. ကျွန်တော်တို့ ထိုင်တော့မယ်။
We are going to start now. ကျွန်တော်တို့ အခုစတော့မယ်။
We are going to have a meal. ကျွန်တော်တို့ ထမင်းစားကြမယ်။

She is going to cry. Don't tease her. သူမငိုတော့မယ်, မစကြနဲ့ကွာ။
She is going to speak English. သူမ အင်္ဂလိပ်စကားပြောမယ်။
She is going to read some of my poems. သူမ ငါ့ကဗျာတစ်ချို့ဖတ်ပြလိမ့်မယ်။
She is going to swim. သူမ ရေကူးတော့မယ်။
She is going to dance. သူမ ကတော့မယ်ကွ။

Are you going to take a bath? မင်းရေချိုးတော့မှာလား။
Are you going to think about it? မင်း အဲ့ဒီအကြောင်း စဉ်းစားမှာလား။
Are you going to get up? မင်း အိပ်ရာထတော့မလို့လား။
Are you going to be out? မင်း အပြင်သွားတော့မလို့လား။
Are you going to leave without playing? မကစားပဲ ထွက်သွားမှာလား။

The sun is going to shine in a minute. ခဏနေ– နေသာတော့မယ်ကွ။
The train is going to leave. ရထားထွက်တော့မယ်ဟော့။

It's going to rain. မိုးရွာတော့မယ်။ (သေချာမှု)
It's going to be burned. အဲ့ဒါ တူးတော့မယ်ဟ။
It's going to be rotten. အဲ့ဒါ ပုပ်တော့မယ်လေ။

We are going to Mandalay tomorrow. ကျွန်တော်တို့မနက်ဖြန် မန္တလေးသွားမှာ။
We are going to Yangon in the evening. ကျွန်တော်တို့ ညနေရန်ကုန်သွားမှာ။

He is coming tomorrow morning. သူ မနက်ဖြန်နံနက်လာလိမ့်မယ်။
He is arriving tonight. သူမ ဒီညရောက်လာလိမ့်မယ်။

They are leaving here next week. သူတို့ နောက်တစ်ပတ် ဒီကနေထွက်သွားလိမ့်မယ်။

Are you coming to the dance? မင်းကပွဲကို လာမှာလား။
Are you coming to the live show? မင်း live show လာမှာလား။
Are you coming to my birthday? မင်း ငါ့မွေးနေ့လာမှာလား။

Going to dance. ကကြမယ်ဟော့။
kiss you. နမ်းမယ်နော်။
speak English. အင်္ဂလိပ်စကားပြောကြမယ်။
walk there. အဲ့ဒီကို လမ်းလျှောက်ကြမယ်ကွာ။
swim. ရေကူးကြမယ်လေ။
be sick. ဖျားလိမ့်မယ်။
hear. ကြားသွားလိမ့်မယ်။
be disappointed. စိတ်ပျက်သွားလိမ့်မယ်။
be upset. ကမောက်ကမဖြစ်လိမ့်မယ်။
be spite. ကသိကအောက်ဖြစ်သွားလိမ့်မယ်။
be exhausted. ပင်ပန်းလိမ့်မယ်။
be intoxicated. မူးနေအုံးမယ်နော်။
change. အဲ့ဒါ ပြောင်းလဲသွားလိမ့်မယ်။
doubt. သံသယဖြစ်ကုန်လိမ့်မယ်။
disturb you. မင်းကို နှောက်ယှက်လိမ့်မယ်။
wait for you. မင်းကို စောင့်နေကြလိမ့်မယ်။
be blamed. အပြစ်တင်ခံရလိမ့်မယ်။
be wounded. ဒဏ်ရာရကြလိမ့်မယ်။
be happy. ပျော်ပါလိမ့်မယ်။

Free for All

Going to be an officer. အရာရှိဖြစ်လိမ့်မယ်။
be there. အဲ့ဒီမှာရှိလိမ့်မယ်။
come there. အဲ့ဒီကိုလာလိမ့်မယ်။
help you. မင်းကို ကူညီပါလိမ့်မယ်။
wait for them. သူတို့ကို စောင့်နေမယ်။
go out. အပြင်ထွက်ကြမယ်။
pay respect to them. ကန်တော့ကြစို့ဟော့။

S + be able to + V_1^0
နိုင်/တတ်နိုင်/နိုင်စွမ်းရှိသည်။

(am, is, are, was, were, will be) (can ထက်ပိုသေချာတယ်)

I'm able to speak English. ကျွန်တော် အင်္ဂလိပ်စကားပြောနိုင်တယ်။
I'm able to teach all subjects. ကျွန်တော် ဘာသာရပ်အားလုံးကို သင်နိုင်ပါတယ်။
I'm able to work here. ကျွန်တော် ဒီမှာအလုပ်လုပ်နိုင်ပါတယ်။
I'm able to carry it. ကျွန်တော် အဲ့ဒါကိုသယ်နိုင်ပါတယ်။

I'm not able to discuss with it. အဲ့ဒါနဲ့ ပတ်သက်လို့ မဆွေးနွေးနိုင်ပါဘူး။
I'm not able to tell lies. ကျွန်တော်လိမ်မပြောနိုင်ဘူး။
I'm not able to leave her. သူမကို ကျွန်တော်မထားခဲ့နိုင်ဘူးဗျာ။

You're able to slove that issue. အဲ့ဒီပြဿနာကို မင်းဖြေရှင်းနိုင်မှာပါ။
You're able to get into trouble. မင်းဒုက္ခရောက်သွားနိုင်တယ်။

He's able to dance very well. သူကောင်းကောင်း ကနိုင်ပါတယ်။
He's able to manage it. သူအဲ့ဒါကို စီမံအုပ်ချုပ်နိုင်ပါတယ်။

She's able to come here alone. သူမ တစ်ယောက်တည်းလာနိုင်ပါတယ်။
She's able to make mistake again. သူမ အမှားထပ်လုပ်နိုင်တယ်။

They will be able to buy it. သူတို့ အဲ့ဒါကို ဝယ်နိုင်ပါလိမ့်မယ်။
They will be able to help you. သူတို့ မင်းကို ကူညီနိုင်ပါလိမ့်မယ်။
They will be able to control their mind. သူတို့ရဲ့စိတ်ကို ထိန်းနိုင်ပါလိမ့်မယ်။

Are you able to support to your parents? မိဘတွေကို ထောက်ပံ့နိုင်ရဲ့လား။
Are you able to encourange them? သူတို့ကို မင်းအားပေးစကားပြောနိုင်ရဲ့လား။
Are you able to cook curry well? မင်း ဟင်းကောင်းကောင်းချက်နိုင်သလား။

သူတို့ ကြိုးစားနိုင်ကြလိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ထားတယ်လေ။
I hope they're able to try best.
မင်း သူတို့ကို ပျော်ရွှင်အောင်လုပ်နိုင်မယ်လို့ ငါယုံကြည်မိတယ်။
I believe you're able to make them happy.
သူတို့ အင်္ဂလိပ်သတင်းစာဖတ်နိုင်ကြမယ်လို့ မင်းမထင်ဘူးလား။
Don't you think they'll be able to read English newspaper?
အင်္ဂလိပ်စာဘယ်လိုလေ့လာရမလဲဆိုတာ ငါ့ မင်းတို့ကို အကြံဉာဏ်ပေးနိုင်ပါတယ်။
I'm able to give you any suggestion how to study English.
မင်း သူမကို သိမ်းသွင်းနိုင်တယ်လို့ ငါမထင်ဘူး။
I don't think you're able to persuade her.

Free for All

S + be about to + V_1^0 တော့မလို့
(လုပ်တော့မည့်/ဖြစ်တော့မည့်ဆဲဆဲ)
(am, is, are, was, were,အနာဂတ်ကာလမရှိ)

I'm about to leave the office. ကျွန်တော် ရုံးဆင်းတော့မယ်လေ။
| teach English. ကျွန်တော် အင်္ဂလိပ်စာသင်တော့မလို့။
| be seen. ကျွန်တော့်ကို တွေ့တော့မလို့။
| be scolded. ကျွန်တော့်ကို ဆူတော့မလို့။
| be hit by car. ကျွန်တော် ကားတိုက်ခံရတော့မလို့။
| be beaten. ကျွန်တော် အရိုက်ခံရတော့မလို့။
| be blamed. ကျွန်တော် အပြစ်တင်ခံရတော့မလို့။

They're about to take a rest. သူတို့ နားကြတော့မလို့။
They're about to stop playing. သူတို့ ကစားတာတော်တော့မလိုလေ။
They're about to cry. သူတို့ ငိုကြတော့မလို့။
They're about to fight. သူတို့ ရန်ဖြစ်ကြတော့မလို့။

She's about to slap me. သူမ ကျွန်တော့်ကို ပါးရိုက်တော့မလို့။
She's about to go shopping. သူမ ဈေးဝယ်ထွက်တော့မလို့။
She's about to die. သူမ သေတော့မလို့လေ။
She's about to be arrested. သူမ အဖမ်းခံရတော့မလို့။

He's about to fall the tears. သူ ငိုတော့မလို့ဗျ။
He's about to sleep. သူ အိပ်တော့မလို့။
He's about to go out. သူ အပြင်သွားတော့မလို့။

ကျွန်တော်တို့ သူတို့အကြောင်း အတင်းပြောတဲ့အခါ သူတို့ ကြားတော့မလို့ဗျာ။
They are about to hear when we gossip about them.

ကျွန်တော် စလိုက်တဲ့အတွက်ကြောင့် သူမ ငိုတော့မလိုလေ။
She's about to cry because I teased her.
ကျွန်တော်တို့ ဖုန်းဆက်လိုက်စဉ်မှာ သူတို့ ထမင်းစားကြတော့မလိုတဲ့။
They're about to have a meal when we called up.
သူအလုပ်လုပ်နေစဉ်မှာ မူးမေ့သတိလစ်တော့မလိုလေ။
He was about to be fainted while he's working there.
သူမ ဝင်လာခိုက် ကျွန်တော်က ပြန်တော့မလိုဗျ။
I'm about to be back as she is coming.

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

S + used to + V_1^0 လေ့ရှိခဲ့သည်
(အတိတ်အတွက်သာ)

They used to go there off and on. သူတို့ မကြာခဏအဲ့ဒီကိုသွားလေ့ရှိခဲ့တယ်။
They used to smoke off and on. သူတို့ ဆေးလိပ်သောက်လေ့ရှိခဲ့ကြတယ်။
They used to quarrel with each other သူတို့တယောက်နဲ့တယောက်ရန်ဖြစ်လေ့ရှိခဲ့တယ်။
They used to drink alcohol. သူတို့ အရက်သောက်လေ့ရှိခဲ့ကြတယ်လေ။

She used to bully me. သူမက ကျွန်တော့်ကို အနိုင်ကျင့်လေ့ရှိခဲ့တယ်။
She didn't use to like opera,but now she does. အော်ပရာကြိုက်လေ့မရှိခဲ့ဘူး။

He used to eat out. သူအပြင်မှာ စားလေ့ရှိခဲ့တယ်။
He used to play tricks on her. သူက သူမအပေါ် ညာဖြီးလေ့ရှိခဲ့တယ်။
He used to discuss with me. သူ ကျွန်တော်နဲ့တိုင်ပင်လေ့ရှိတယ်။

I used to swim everyday. ကျွန်တော် အရင်ကနေ့တိုင်းရေကူးလေ့ရှိတယ်။
I used to play golf. ကျွန်တော် အရင်ကဂေါက်သီးရိုက်လေ့ရှိပါတယ်။
I used to go shopping. ကျွန်တော် ဈေးဝယ်ထွက်လေ့ရှိခဲ့ပါတယ်။

Free for All

I used to get up early. ကျွန်တော် စောစောအိပ်ရာထလေ့ရှိခဲ့တယ်။
I used to stay alone. ကျွန်တော် တယောက်တည်းနေလေ့ရှိခဲ့တယ်။
I used to boast about that. ကျွန်တော် အဲ့ဒီအကြောင်းကြွားလေ့ရှိခဲ့တယ်။
I used to visit there. ကျွန်တော် အဲ့ဒီကိုသွားလည်လေ့ရှိခဲ့တယ်။

Didn't you use to live near me? အရင်ကျွန်တော့်အိမ်နားမှာ နေခဲ့ဖူးတယ်မဟုတ်လား။
Did you use to play football at school? ကျောင်းမှာ ဘောလုံးကန်လေ့ရှိခဲ့သလား။

ကျွန်တော်ငယ်ငယ်က တင်းနစ်ကို ကောင်းကောင်း ကစားလေ့ရှိခဲ့တယ်။
I used to play tennis quite well when I was younger.
လက်မထပ်ခင်က ကျွန်တော် အရက်သောက်လေ့ရှိတာကို သူမသိခဲ့ပါတယ်။
She knew I used to drink before I got married.
မနှစ်က သူမ စောစောအိပ်ရာထလေ့ရှိခဲ့တယ်လို့ ကျွန်တော့်ကို ပြောတာပဲ။
She told me she used to get up early morning last year.
ကလေးတွေ ငယ်ငယ်က မိဘကို သူတို့ အားကိုးလေ့ရှိခဲ့ကြတယ်။
When children are so young, they used to rely on parents.
သူဟာ ခိုးလေ့ရှိတဲ့အတွက်ကြောင့် ကျွန်တော်စိတ်အတော်ပျက်ခဲ့ရတယ်လေ။
I was disappointed because he used to steal something.
ကျွန်တော် ဘာပဲပြောပြော သူမ စိတ်ဆိုးလေ့ရှိခဲ့တယ်လေ။
She used to be angry with me whatever I said.
ကောင်လေးတွေချစ်ရေးဆိုတဲ့အခါ ကျွန်မစိတ်လှုပ်ရှားလေ့ရှိခဲ့တယ်။
I used to be excited when the boys proposed me.
သူမ ဘယ်မှာနေသလဲဆိုတာ ကျွန်တော်သူတို့ကို မေးလေ့ရှိခဲ့တယ်။
I used to ask them where she lived.
သူရဲ့ ဆံပင်ဟာမည်းနက်လေ့ရှိခဲ့တယ်။ ဒါပေမယ့် အခုတော့ဖြူကုန်ပြီ။
His hair used to be black but it's white now.
သူမ ကျွန်တော်နဲ့တွေ့ရင် စိတ်ကောက်လေ့ရှိခဲ့တယ်။
She used to be petulant when she met me.

ကျွန်တော် ရန်ကုန်မှာ နေနေစဉ် သူတို့ လာလည်လေ့ရှိခဲ့ကြတယ်။
They used to visit my house why I was in Yangon.
သူကျောင်းနေစဉ် ရန်ဖြစ်လေ့ရှိတယ်။
He used to fight while he was at/in school.
တရားထိုင်စဉ် သူတို့အိပ်ငိုက်လေ့ရှိခဲ့ကြတယ်။
They used to be sleepy while taking meditation.

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

S + Be used to + Ving/N

ကျင့်သားရ= အကျင့်ဖြစ်နေပြီ။

S + { Get,become / seem,grow } +Used to + Ving/N

ကျင့်သားက= အသားကျနေပြီ။

I'm used to speaking English. ကျွန်တော်အင်္ဂလိပ်စကားပြောရတာအကျင့်ဖြစ်နေပြီ။
I'm used to teaching English. ကျွန်တော်အင်္ဂလိပ်စာသင်ပေးရတာအကျင့်ဖြစ်နေပြီ။
I'm used to wearing glasses. ကျွန်တော်မျက်မှန်တပ်ရတာအကျင့်ရနေပါပြီ။
I'm used to going there alone. ကျွန်တော်အဲ့ဒီကိုတယောက်တည်းသွားရတာအသားကျနေပါပြီ။

We're used to eating out. ကျွန်တော်တို့ဆိုင်မှာ စားတာအကျင့်ဖြစ်နေပြီ။
We're used to driving in Yangon now. အခုရန်ကုန်မှာ ကားမောင်းတာအကျင့်ရနေပြီ။
We're used to studying with her. သူမနဲ့သင်ကြားလေ့လာရတာ အသားကျနေပြီလေ။

Free for All

I'm not used to working in the sun. နေပူထဲမှာအလုပ်လုပ်ရတာအကျင့်မရသေးဘူး။
He wasn't used to driving a big car. သူ ကားကြီးမောင်းရတာအကျင့်မရသေးဘူး။

Are you used to making a joke? မင်းနောက်တာအကျင့်ဖြစ်နေပြီလား။
Are you used to smoking? မင်းတို့ ဆေးလိပ်သောက်တာအကျင့်ဖြစ်နေကြပြီလား။
Are you used to climbing up? ခင်ဗျားတို့ တောင်တက်တာအကျင့်ဖြစ်နေကြပြီလား။
Are you used to getting up early? စောစောထရတာ မင်းတို့အကျင့်ဖြစ်နေပြီလား။

Is she used to being petulant? သူမ စိတ်ကောက်တာအကျင့်ဖြစ်နေပြီလား။
Is she used to swimming? သူမ ရေကူးရတာအကျင့်ရနေပြီလား။
Isn't she used to reading? သူမ စာဖတ်တာ အကျင့်မရသေးဘူးလား။
Isn't she used to cooking? သူမ ချက်ပြုတ်ရတာအကျင့်မရသေးဘူးလား။

ကျွန်တော် ယခုရန်ကုန်ပြို့အလယ်ခေါင်မှာ ခြောက်နှစ်နေပြီးသွားပြီ အဲ့ဒါကြောင့် ဆူသံကအကျင့်ရနေပြီ။
I've lived in central Yangon for six years now so I'm used to the noise.
မင်းတောမှာနေရတာ မကြာခင်ကျင့်သား/အကျင့် ရသွားပါလိမ့်မယ်။
You'll soon get used to living in the country.
တဖြည်းဖြည်း သူ သူ့ရဲ့ ပတ်ဝန်းကျင်အသစ်နဲ့ အဆင်ပြေလာခဲ့ပါတယ်။
Little by little,he became used to his new environment.
Accent ကို ကျင့်သားမရသေးလို့ လန်ဒန်သားတွေ ပြောတာကို အစမှာ နားမလည်ဘူးဗျာ။
At the beginning, I couldn't understand Londoners because I wasn't used to the accent.
သူမ လူကြီးတွေနဲ့ အလုပ်လုပ်တာကျင့်သား/အကျင့် မဖြစ်ခင်အချိန် တော်တော်အချိန်ယူလိုက်ရတယ်။
It was a long time before she was completely used to working with old people.
ထမင်းဟင်း ကိုယ်တိုင်ချက်ရတာ အကျင့်ဖြစ်နေပြီလေ။ အဲ့ဒါကြောင့် ပျော်ပါတယ်။
I'm used to cooking rice and curry by myself so I'm very happy.
တစ်ယောက်တည်းအိပ်ရတာ အကျင့်ဖြစ်နေတော့ ကျွန်တော့်အတွက် မဆန်းတော့ပါဘူး။
It's not strange for me as I'm used to sleeping alone.

ကျွန်တော်မြစ်ထဲမှာ တစ်ယောက်တည်းရေကူးတာ အကျင့်ဖြစ်နေပြီ။
I'm used to swimming alone in the river.
သူတို့က သက်ပြင်းချတာ အကျင့်ဖြစ်နေပါပြီ။
They're used to giving a long sigh.

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

S + must + V_1^0 ရမည်

အမိန့်၊ တာဝန်၊ စည်းကမ်း၊ ပြုလုပ်ရန်လိုအပ်၊သေချာမှု၊
Had to မလုပ်ရင်မဖြစ်တဲ့သဘော၊
ရှောင်လွဲလို့မရတဲ့သဘောကိုဖော်ပြတယ်

You must speak English. မင်း အင်္ဂလိပ်စကားပြောရမယ်။
go there. မင်း အဲ့ဒီကိုသွားရမယ်။
clean your boots. မင်းရဲ့ ဘွတ်ဖိနပ်များကိုသန့်ရှင်းရမယ်။
come home before midnight. မင်း အိမ်ကိုသန်းခေါင်မတိုင်မီရောက်ရမယ်။
do your homework. မင်း အိမ်စာလုပ်ရမယ်။
try hard. မင်း ကြိုးစားရမယ်။
come to school early tomorrow.ကျောင်းကိုမနက်ဖြန်စောစောလာရမယ်။
study English more than now. အင်္ဂလိပ်စာကိုဒီထက်ပိုလေ့လာရမယ်နော်။
work there. မင်း အဲ့ဒီမှာ အလုပ်လုပ်ရမယ်။
attend the class. မင်း သင်တန်းတက်ရမယ်။
look after baby. မင်း ကလေးထိန်းရမယ်။
explain me about it. အဲ့ဒီအကြောင်း မင်း ငါ့ကို ရှင်းပြရမယ်။
live in Yangon. မင်း ရန်ကုန်မှာနေရမယ်။
be at home by now. မင်း အိမ်မှာရှိရမယ်။
be careful, crossing the road. မင်း လမ်းဖြတ်ကူးရင်သတိထားရမယ်။

Free for All

You mustn't be late. မင်း နောက်ကျလို့မရဘူးနော်။
You mustn't throw it. မင်း အဲ့ဒါကို စွန့်ပစ်လို့မရဘူး။
You mustn't sleep. မင်း မအိပ်ရဘူးနော်။

I must request them. ကျွန်တော် သူတို့ကို တောင်းပန်ရမယ်။
I must try best to improve the life. ဘဝတိုးတက်ဖို့ ကြိုးစားရမယ်။
I must think that. ကျွန်တော် အဲ့ဒါကိုစဉ်းစားရမယ်။
I must ask her. ကျွန်တော် သူမကိုမေးရမယ်။
Must I go? ကျွန်တော်သွားရမှာလား။
Must you be here? မင်း ဒီမှာရှိရမှာလား။

မင်းဘာကြောင့် တံခါးပေါက်ကို အမြဲဖွင့်ပြီးထားတာလဲ။
Why must you always leave the door open?
အခန်းတွေအားလုံး ငါ ရှင်းရမှာလား။
Must I clean all the room?

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

S + Has,Have,Had to + V_1^0 ရသည်

(ဆန္ဒမပါလည်းလုပ်၊ ဆန္ဒပါလည်းလုပ်)

You have to take medicine. မင်းဆေးသောက်ရမယ်။
You have to pay for the tickets in advance. လက်မှတ်အတွက်ကြိုတင်ပေးရမယ်။
You have to drink. မင်းအရက်သောက်ရမယ်။
You have to check it. မင်းအဲ့ဒါကိုစစ်ဆေးရမယ်။
You have to work from nine to five. ခင်ဗျား(9 to 5)အထိအလုပ်လုပ်ရမယ်။

You'll have to find a job. မင်း အလုပ်မရှာမဖြစ် ရှာရတော့မယ်။
You have to stop smoking. မင်း ဆေးလိပ်ဖြတ်ရမယ်။

We have to ask them. ကျွန်တော်တို့ သူတို့ကို မေးရမယ်လေ။
We have to return home. ကျွန်တော်တို့ အိမ်ပြန်ရအုံးမယ်လေဗျာ။
We have to go to school. ကျွန်တော်တို့ ကျောင်းသွားရမယ်။
We have to read a lot. ကျွန်တော်တို့ စာများများဖတ်ရမယ်။

I have to work hard. ငါ ကြိုးစားရမယ်။
I have to live in Yangon. ကျွန်တော် ရန်ကုန်မှာနေရမယ်။
I have to punish them. ကျွန်တော် သူတို့ကိုအပြစ်ပေးရမယ်။

I had to go there. ကျွန်တော် အဲ့ဒီကိုသွားလိုက်ရတယ်။
I had to kneel down. ကျွန်တော် ဒူးထောက်ခဲ့ရတယ်။
They have to come here. သူတို့ ဒီကိုလာလိုက်ရတယ်လေ။

She has to cook the rice. သူမ ထမင်းချက်ရမယ်။
She has to get married. သူမ လက်ထပ်လိုက်ရတယ်လေ။
He has to take the exam. သူ စာမေးပွဲဖြေရမယ်လေ။

အမေ နေမကောင်းတဲ့အတွက် ကျွန်တော်တို့အားလပ်ရက်ကို လျှော့/ဖြတ်လိုက်ရတယ်။
We had to cut short our holiday because my mother was ill.
ဓါတ်လှေကားပျက်သွားလို့ ကျွန်တော်တို့ (၁၀)ထပ်မြောက်ကို ခြေလျှင်တက်ခဲ့ရတယ်ဗျာ။
The elevator was out of order and we had to walk to the tenth floor.
မင်းအလုပ်မှာ necktie ကို မဝတ်မဖြစ် ဝတ်ရတာလား။
Do you have to wear necktie at work?
ကျွန်တော်ငယ်ငယ်က ကျောင်းကို သုံးမိုင် cycle စီးရတယ်။
I had to cycle three miles to school when I was a child.
မလုပ်ချင်ရင် မနက်ဖြန်အလုပ်မလုပ်ဘဲ နေလို့ရတယ်။
You don't have to work tomorrow if you don't want to.

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

Free for All

How What
Where Who + to + V_1^0
When Which
Whether Why + V

စသည်ဖြင့် စကားပြောခြင်း။ ၎င်း VERB နေရာတွင် Infinitive များ သင့်တော်သလို အစားထိုး၍ရေးသား ပြောကြားကြည့်ပါ။ မတတ်ဘူး ဆိုတာ မဖြစ်နိုင်ပါဘူး။

How to believe it, အဲ့ဒါကို ဘယ်လိုယုံကြည်ရမလဲဆိုတာ။
ask them, သူတို့ကို ဘယ်လိုမေးရမလဲဆိုတာ။
understand you, မင်းကို ဘယ်လိုနားလည်ရမလဲဆိုတာ။
speak English quickly, အင်္ဂလိပ်စကားကို မြန်မြန် ဘယ်လိုပြောရမလဲဆိုတာ။
help him, သူ့ကို ဘယ်လိုကူညီရမလဲဆိုတာ။
solve that problem, အဲ့ဒီပြဿနာကိုဘယ်လိုဖြေရှင်းရမလဲဆိုတာ။
say, ဘယ်လိုပြောရမလဲဆိုတာ။
explain it, အဲ့ဒါကို ဘယ်လိုရှင်းပြရမလဲဆိုတာ။
stay alone, တစ်ယောက်တည်းဘယ်လိုနေရမလဲဆိုတာ။
forget it, အဲ့ဒါကို ဘယ်လိုမေ့ပစ်ရမလဲဆိုတာ။
request her, သူမကို ဘယ်လိုတောင်းပန်ရမလဲဆိုတာ။

ဒါတွေကို ဝါကျဖြစ်အောင်ကြိုက်နှစ်သက်သလို အတွေးထဲမှာပေါ်သလို ပြောကြည့်ရေးကြည့်လိုက်ပါ။
အင်္ဂလိပ်စာ/ စကားခက်တယ်ဆိုတဲ့အတွေး သင့်ဘဝထဲမှ ထာဝရနှုတ်ဆက်သွားလိမ့်မယ် မယုံမရှိနဲ့။

အဲ့ဒါတွေကို ဘယ်မှာသိမ်းထားသလဲဆိုတာ ထပ်စဉ်းစားပါအုံးကွာ။
Please recall where to keep them.
မွေးနေ့ပွဲလေး ဘယ်မှာကျင်းပမလည်းဆိုတာ သူမ မင်းကို ပြောပြခဲ့သလား။
Did she tell you where to celebrate her birth-day?

ဘယ်မှာ တာဝန်ထမ်းဆောင်နေသလဲဆိုတာမသိလို့ ကျွန်တော် သူတို့အကြောင်းကို မေးတာပါ။
I asked about them because I didn't know where to serve.
စားသောက်ဆိုင်ကောင်းကောင်း ဘယ်မှာရှိသလဲဆိုတာ မေးလိုက်တယ်။
We asked where to find a good restaurant.
ဘယ်မှာ အလုပ်လုပ်နေကြသလဲဆိုတာ မင်းသွားစုံစမ်းထားလိုက်ပါ။
You go to inquire where to work.
မင်းကို ဘယ်မှာ စောင့်နေကြတယ်ဆိုတာ ငါ မင်းကိုပြောမယ်။
I'm going to say where to wait for you.
ဘယ်မှာ အသတ်ခံရသလဲဆိုတာ ရဲက ကျွန်တော်တို့ကို မေးတယ်လေ။
The police asked for us where to be killed.
သူဘယ်မှာ ပုန်းအောင်နေသလဲဆိုတာ သူတို့စုံစမ်းထောက်လှမ်းနေကြတယ်။
They investigate about him where to hide.

* * * * * * * * * * * * * * * * *

ဝါကျများဒီထက်မက ရေးဖွဲ့နိုင်အောင် နောက်ပိုင်းတွင် ကြိယာများကို သီသန့်ပြထားပါသည်။ ဘာကြောင့်ပြရသလဲဆိုတာ စကားလုံးရရင် ကိုယ်စိတ်ကြိုက်အတွေးထဲမှာ ပေါ်လာသလိုပြောနိုင်တယ်။ ဝါကျများကို အလွတ်ကျက်ရန် အားမပေးပါဘူး။ မြန်မာလိုတွေး အင်္ဂလိပ်လိုပြောရေးရင် ရာနှုန်းပြည့်မမှန်သော်လည်း အများအားဖြင့် မှန်ပါတယ်။ မြန်မာလူမျိုးဆိုတော့ မြန်မာလိုအရင်တွေးရတယ်။ ပြီးမှ ခပ်မြန်မြန်လေးပြော အလေ့အကျင့်များရင် ပြောနိုင်ပါတယ်။ သင်တန်းမှာတော့ စကားပြောအဆင့်လောက်ဆိုရင် သင့်ဘက်ကလည်းကြိုးစားရင်တော့ (၂)လကျော်ဆိုရင် ကောင်းကောင်းပြောနိုင်နေကြပါပြီ။

What to think, ဘာတွေစဉ်းစားနေသလဲဆိုတာ။
like, ဘာကြိုက်သလဲဆိုတာ။
see, ဘာမြင်လိုက်သလဲဆိုတာ။
say, ဘာတွေပြောသလဲဆိုတာ။
hope, ဘာတွေမျှော်လင့်ထားသလဲဆိုတာ။
do, ဘာတွေလုပ်သလဲဆိုတာ။
suspect, ဘာတွေသံသယဖြစ်နေသလဲဆိုတာ။

Free for All

What to explain, ဘာတွေရှင်းပြလိုက်သလဲဆိုတာ။
bring, ဘာတွေသယ်ဆောင်လာသလဲဆိုတာ။
ask, ဘာတွေမေးလိုက်သလဲဆိုတာ။
scorn, ဘာကိုအထင်သေးနေသလဲဆိုတာ။

ဘာသာပြန်များကို အတတ်နိုင်ဆုံးအကောင်းဆုံးဖြစ်အောင် ကြိုးစားထားပါတယ်။ ဒါပေမဲ့အားရ ကျေနပ်မှုတော့ မရှိပါဘူး။ တကယ်လို့များဘာသာပြန်ဆိုမှု. ညံ့ဖျင်းပြီးဘာသာပြန်အရည်အသွေးမမှီဘူး ဆိုရင် သည်းခံပြီးဖတ်ရှုကြပါ။ အကြံဉာဏ်များပေးကြပါ။ ဒီစာအုပ်ဟာစာရေးသူရဲ့ ''ပထမဦးဆုံးသောလက်ရာ ဖြစ်ပါတယ်'' စာသင်နေရင်းမအားလပ်တဲ့ကြားက ကြိုးစားပြီးရေးရတာပါ။ အမှားအယွင်းအတိမ်းအစောင်းများစွာ ပါရှိပါလိမ့်မည်။ 4 skill တွင်အရေးသည်အခက်အခဲဆုံးတစ်ခုပါ။ ပြောနိုင်ကြမယ် ဖတ်နိုင်ကြမယ် နားထောင်နိုင်ကြမယ်။ ဒါပေမယ့် တကယ်တမ်းလက်တွေ့ရေးကြည့်လိုက်တော့ တကယ်ခက်တယ်ဆိုတာ ကိုယ်တိုင်သိရှိနာလည်လိုက်ရတယ်။ တစ်ပါးသူပြောတာကို အလုံးစုံမယုံကြည်တတ်တာပါ။ လက်တွေ့ဆန်တာကို ပို၍နှစ်သက်ပါတယ်။ အဲ့ဒါကြောင့် တစ်နေကုန်းနည်းပါးသင်ကြားပေနေရတဲ့ကြားက ကလောင်သွားထက်ချင်ရင် ကလောင်တံကိုင်ပြီး တကယ်လက်တွေ့ရေးကြည့်ရမယ်လို့ ခံယူထားလို့စာအုပ်လေးတစ်အုပ်ဖြစ်အောင် ပြုစုရခြင်းပါ။ တော်လို့လား တော့်မထင်ပါနဲ့ တော်နေ တတ်နေ ကျွမ်းကျင်နေမှ ရေးရမယ်ဆိုရင် ကလောင်သစ်ဆိုတဲ့ မျိုးဆက်သစ်ဟာစာပေ လောကကြီးထဲမှာ မွေးဖွားလို့ပေါ်ပေါက်လာမည်မဟုတ်ပါ။ စာပေကို တစ်ထောင်တစ်နေရာ က တင်ပြခြင်းပါ။ ဝေဖန်ပါ အားပေးပါ အကယ်လို့ တစ်စုံတစ်ဦးအတွက်အသုံးမဝင်တောင် ဒီစာအုပ်လေးကိုကိုင် ကြည့်ပြီး ဖတ်မိလိုက်ရင်ဘဲ ရေးရကျိုးနပ်မှာပါ။ အမှန်တကယ်အသုံးဝင်သွားမယ်ဆိုရင်တော့ စာရေးသူဘက်မှ ဖြစ်နေမယ့်ပီတိကို မှန်းဆလို့တွေးကြည့်ရင် ရင်နှင့်ထပ်တူခံစားလို့ ရမှာပါ။

ဘာတွေရေးနေသလဲဆိုတာ ကျွန်တော် သူမကိုငေးကြည့်နေတာလေ။
I'm gazing at her what to write a note.
ဘာတွေစားနေကြသလဲ သွားမေးစမ်းကွာ။
Go to ask what to eat.
ဒီနေ့ဘာလုပ်လိုက်သလဲဆိုတာ မင်းကိုယ်မင်းရောသိရဲ့လား။
Do you know yourself what to do today?
ဘာတွေအတင်းအဖျင်းပြောနေကြသလဲဆိုတာ ကျွန်တော်ရှင်းရှင်းလင်းလင်းမကြားခဲ့ဘူး။
I didn't hear clearly what to gossip.

ကျွန်တော်ကို ဘာတွေအမိန့်ပေးနေသလဲဆိုတာ ကျွန်တော်မသိဘူးဗျာ။
I don't know what to order me.
ဘာတွေစဉ်းစားနေသလဲဆိုတာ ကျွန်တော့်ကို ပြောပြနိုင်မလား။
Could you tell me what to think now?
ဘာဖြစ်လို့ ငါ့ကို စိုက်ကြည့်သွားသလဲဆိုတာ ငါနားမလည်ဘူးဖြစ်နေတယ်။
I can't apprehend what to stare at me like that.
ဘာဖြစ်လို့ မျက်ရည်ကျသလဲဆိုတာ ကိုယ်သိပါရစေ။
May I know what to fall the tears?
ဘာတွေလေ့လာနေသလဲဆိုတာ သိပါရစေ။
Let me know what to study.
အိမ်ပေါ်မှာ ဘာတွေလုပ်နေသလဲဆိုတာ သွားချောင်းကြည့်စမ်းကွာ။
Go to peek what to do upstairs.
ဘာတွေကျက်မှတ်နေသလဲဆိုတာ ငါ့ကို ပြောပြစမ်းပါအုံးကွာ။
Tell me what to learn by heart.

* * * * * * * * * * * * * * * * * * *

Why come here again and again, ဘာကြောင့် ဒီကိုခဏခဏလာနေသလဲဆိုတာ။
ask them like that, သူတို့ကို အဲ့ဒီလိုဘာကြောင့်မေးလိုက်သလဲဆိုတာ။
love me, ဘာကြောင့် ကျွန်တော်ကိုချစ်သလဲဆိုတာ။
criticize about others, ဘာကြောင့် တစ်ပါးသူကို ဝေဖန်သလဲဆိုတာ။
shout at him, သူ့ကို ဘာကြောင့် အော်သလဲဆိုတာ။
study English, ဘာကြောင့် အင်္ဂလိပ်စာလေ့လာနေသလဲဆိုတာ။
boast like that, ဘာကြောင့် အဲ့ဒီလိုကြွားနေသလဲဆိုတာ။
cry among the people, ဘာကြောင့်လူတွေကြားထဲမှာ ငိုသလဲဆိုတာ။
go there again, အဲ့ဒီကို ဘာကြောင့် ထပ်သွားသလဲဆိုတာ။
tell lies me, ငါ့ကို ဘာကြောင့် လိမ်ပြောသလဲဆိုတာ။
drink alcohol, ဘာကြောင့် အရက်သောက်သလဲဆိုတာ။
quarrel with each other, ဘာကြောင့် ရန်ဖြစ်ကြသလဲဆိုတာ။

Free for All

Why forget it easily, ဘာကြောင့် လွယ်လွယ်နှင့်အဲဒါကိုမေ့ပစ်လိုက်သလဲဆိုတာ။
be rude, ဘာကြောင့် မိုက်ရိုင်းသလဲဆိုတာ။
kiss me suddenly, ငါ့ကို ဘာကြောင့် ရုတ်တရက်နမ်းလိုက်သလဲဆိုတာ။

လူကြားထဲမှာ ဘာကြောင့်ငိုသလဲဆိုတာ မင်း ငါ့ကို ပြောပြနိုင်မလား။
Can you tell me why to cry among the people?
ဘာကြောင့် ကျွန်တော်ကို ဆူသလဲဆိုတာ ခင်ဗျားကို ကျွန်တော်မေးပါရစေ။
May I ask you why scold me.
ဘာကြောင့် နောက်ကျသလဲဆိုတာ ခင်ဗျားသိနိုင်တယ်လို့ ကျွန်တော်ထင်တယ်လေ။
I think you can know why be late.
သူမ အင်္ဂလိပ်စကားကျွမ်းကျွမ်းကျင်ကျင် မပြောနိုင်သော်လည်းဘဲ ကုမ္ပဏီမှာ အတွင်းရေးမှူးအဖြစ်ဘာကြောင့်
သူမကိုခန့်အပ်ထားသလဲဆိုတာ ကျွန်တော် နားမလည်နိုင်တော့ဘူး။
I can't understand why be appointed her as a secretary in the company though she can't speak English every well.
သူတို့ အရမ်းချမ်းသာနေသော်လည်းဘဲ ဘာကြောင့် ဒီလိုအလုပ်မျိုးတွေလုပ်နေရသလဲဆိုတာ
ကျွန်တော်သူတို့ကို မေးချင်တယ်ဗျာ။
I would like to ask them why work like that job though they are rich so much.
ဘာကြောင့် သူမကို မုန်းသလဲဆိုတာ ငါမစဉ်းစားနိုင်တော့ဘူး။
I can't think why to hate her.
အတန်းထဲမှာ ဘာကြောင့် ရယ်နေကြသလဲဆိုတာ သွားမေးလိုက်စမ်းကွာ။
Go to ask why laugh in the class.
ဘာကြောင့် သူမကို ချစ်ခဲ့သလဲဆိုတာ ငါနားမလည်နိုင်တော့ဘူး။
I couldn't comprehend why to love her.
ဘာကြောင့် ဆူညံနေကြသလဲဆိုတာ မင်းသိလား။
Do you know why make a noise?
ဘာကြောင့် မင်းကို သူမကြင်နာနေသလဲဆိုတာ မင်းသိသင့်တာပေါ့။
You should know why (she) be kind to you.
ဘာကြောင့် အရိုက်ခံလိုက်ရသလဲဆိုတာကျွန်တော်ကိုယ်တိုင်လည်း မသိဘူးဗျာ။
I don't know by myself why to be beaten.

အချိန်ရသမျှလေးကို တတ်စွမ်းသလောက် မြန်မာဝါကျလွယ်လွယ်လေးတွေကိုစ၍ လေ့ကျင့်ရေးသားစေ
ချင်ပါတယ်။ ပြီးတော့အင်္ဂလိပ်ဝါကျအဖြစ်ပြောင်းပါ။ writing power တိုးတက်သလို creating power
လို့ခေါ်တဲ့ ဖန်တည်းတွေးတောကြဲဆမ္မ= ဘယ်လိုဝါကျရေးရမယ်ဆိုတဲ့အနေအထားတွေကိုလည်း အလိုလိုပိုင်
ဆိုင်လာလိမ့်မယ်= သင့်ဘက်ကကြိုးစားမှုလေးတစ်ခုကို ပုံမှန်ပေးရင် အကျိုးရလဒ်တွေဟာနောက်မှာ
တန်စီလို့စောင့်ဆိုင်းနေကြတယ်ဆိုတာ မြင်သိလာလိမ့်မယ်။ စာရေးသူဟာဒီလိုပြောနိုင်ဖို့ ရေးနိုင်ဖို့ဆိုတာတွေကို
ဘဝမှာတစ်ခါမှ မမျှော်လင့်ရဲ့ခဲ့ပါဘူး။ လုံးဝလည်းမမျှော်ကိုးမိခဲ့ဘူး= အခုလို ''ဆရာ''ဖြစ်လာဖို့ဆို ယောင်လို့
တောင်မမှန်းဆ မတမ်းတမိခဲ့ဘူးလေ။

When to meet, ဘယ်အချိန် ဆုံ/တွေ့မလည်းဆိုတာ။
call me up, ဘယ်တော့ ငါ့စီဖုန်းဆက်မလဲဆိုတာ။
get married, ဘယ်တုန်းက လက်ထပ်လိုက်သလဲဆိုတာ။
arrive here, ဘယ်တုန်းက ဒီကို ရောက်လာသလဲဆိုတာ။
visit my house, အိမ်ကို ဘယ်အချိန်လာလည်မလဲဆိုတာ။
give an answer, အဖြေ ဘယ်တော့ပေးမလဲဆိုတာ။
go abroad, ဘယ်တုန်းက နိုင်ငံခြားထွက်သွားသလဲဆိုတာ။
leave that job, အဲ့ဒီအလုပ်က ဘယ်အချိန်ထွက်သွားသလဲဆိုတာ။
return, ဘယ်အချိန်ပြန်လာသလဲဆိုတာ။
come in, ဘယ်အချိန်ဝင်လာသလဲဆိုတာ။
sleep last night, ညက ဘယ်အချိန်အိပ်ပျော်သွားသလဲဆိုတာ။
attend the class, ဘယ်တုန်းက အတန်းတက်သလဲဆိုတာ။

ဘယ်အချိန် ရောက်မလဲဆိုတာတော့ ကျွန်တော်အတိအကျမပြောနိုင်ဘူး။
I can't tell you exactly when to arrive there.
လူသတ်မှုကြောင့် ဘယ်အချိန် အဖမ်းခံရမလည်းဆိုတာ သူတို့ စိုးရိမ်းတကြီးဖြစ်နေကြတယ်လေ။
They worried when to be arrested because of murder.
ဘယ်အချိန်လာမလည်းဆိုတာ မင်းသိချင်ရင် စောင့်နေလေကွာ။
You are waiting if you want to know when to come.
ဘယ်အချိန် စာမေးပွဲဖြေရမလည်းဆိုတာ မင်းကို ပြောလိုက်လား။
You were told when to sit the exam.

Free for All

ပြိုင်ပွဲ ဘယ်အချိန်စမလည်းဆိုတာ မင်း ငါဆီ ဖုန်းဆက်လေကွာ။
You call me up when to start contest.
အဲ့ဒီမှာ ဘယ်အချိန်တွေ ဝင်ထွက်လေ့ရှိသလဲဆိုတာ မင်းစုံစမ်းထားလိုက်။
You're to investigate there when to be in and out.
ဘယ်အချိန်တွေ စာကျက်/စာဖတ်သလဲဆိုတာ သူမက ကျွန်တော်ကိုမေးတယ်လေ။
She asked me when to read and study the lessons.
ဘယ်အချိန် မွေးသလဲဆိုတာ မင်း မမှတ်မိဘူးလား။
Don't you recognize when to be born?
ဘယ်အချိန်အိပ်ရာမထသလဲလို့ သူတို့က ကျွန်တော်ကိုမေးသော်လည်း မပြောခဲ့ဘူး။
I didn't respond though they questioned me when to get up.
ဘယ်အချိန် ငွေလာပေးသွားသလဲဆိုတာ ကျွန်တော်စဉ်းစားနေတာလေ။
I'm thinking when to come and give money.
ဘယ်တုန်းက ချစ်ကြိုက်နေကြသလဲဆိုတာ မင်းသိပါတယ်ကွာ။
You know when to fall in love with.

✖ ✖ ✖ ✖ ✖ ✖ ✖ ✖ ✖ ✖ ✖ ✖ ✖ ✖ ✖

Who to ask	ဘယ်သူ့ကို မေးလိုက်သလဲဆိုတာ။
teach English	ဘယ်သူ့ကို အင်္ဂလိပ်စာသင်ပေးသလဲဆိုတာ။
think about	ဘယ်သူ့အကြောင်းကို စဉ်းစားနေသလဲဆိုတာ။
help	ဘယ်သူကို ကူညီလိုက်သလဲဆိုတာ။
believe	ဘယ်သူ့ကို ယုံကြည်သလဲဆိုတာ။
suspect	ဘယ်သူ့ကို သံသယဖြစ်နေသလဲဆိုတာ။
beat	ဘယ်သူ့ကို ရိုက်လိုက်သလဲဆိုတာ။
be punished	ဘယ်သူ့ကို အပြစ်ပေးလိုက်သလဲဆိုတာ။
like	ဘယ်သူ့ကို နှစ်သက်သလဲဆိုတာ။
depend on/upon	ဘယ်သူ့ကို အားကိုး/ မှီခိုနေသလဲဆိုတာ။
remember	ဘယ်သူ့ကို သတိရနေသလဲဆိုတာ။
love	ဘယ်သူ့ကို ချစ်သလဲဆိုတာ။
thank	ဘယ်သူ့ကို ကျေးဇူးတင်သလဲဆိုတာ။

Who to praise	ဘယ်သူ့တွေကို ချီးမွမ်းထောပနာပြုသလဲဆိုတာ။
blame	ဘယ်သူ့ကို အပြစ်တင်လဲဆိုတာ။
choose	ဘယ်သူ့တွေကို ရွေးချယ်ခဲ့သလဲဆိုတာ။
frighten	ဘယ်သူ့ကို ခြိမ်းခြောက်တာလဲဆိုတာ။
kiss	ဘယ်သူ့ကို မွှေးမွှေးပေးလိုက်သလဲဆိုတာ။

ဘယ်သူ့ကို မေးလိုက်သလဲဆိုတာ ကျွန်တော်လည်းအတိကျမသိဘူး။
I also didn't know exactly who to ask.
ဘယ်သူ့ကို မျက်နှာသာပိုပေးသလဲဆိုတာ မင်းကိုယ်မင်းတော့ သိမှာပေါ့။
You know yourself who to give more favour.
အဖေနဲ့ အမေ ဘယ်သူ့ကို ပိုချစ်သလဲဆိုတာ သိပါရစေ။
May I know who to love the most among your parents.
ဘယ်သူ့ဆီကို ဖုန်းဆက်သလဲဆိုတာ မင်းမမေးလိုက်ဘူးလား။
Didn't you ask who to ring up?
ဘယ်သူ့ကို ရွေးချယ်မလည်းဆိုတာ မင်းကိုယ်တိုင်လည်း ဆုံးဖြတ်လိုက်ပါ။
You decide yourself who to choose.
ဘယ်သူ့ကို စိတ်ကောက်သလဲဆိုတာ ကိုယ်မေးချင်တယ်။
I would like to ask who to feel angry with.
ဘယ်သူတွေကို ဖိတ်ထားသလဲဆိုတာ မင်းသူတို့ကို ပြောလိုက်နော်။
You must tell them who to invite.
ဘယ်သူ့တွေ အလုပ်ထုတ်ခံရမလည်းဆိုတာ ကျွန်တော်တို့ မစဉ်းစားနိုင်သေးဘူး။
We can't think yet who to be dismissed from employment.
ဘယ်သူတွေပြန်လာမလည်းဆိုတာကိုတော့ ဘယ်သူမှ အတိအကျမပြောနိုင်ကြဘူးလေ။
Nobody can say exactly who to return.
သူတို့ထဲက ဘယ်သူ့ကို သံသယဖြစ်သလဲဆိုတာ ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောပြကွာ။
You speak out me who to suspect among them.
ဘယ်သူ့ကို နောက်ပြောင်လိုက်သလဲဆိုတာ ကျွန်တော်သိချင်တယ်ဗျာ။
I wish to know who to make a joke.

* * * * * * * * * * * * * * * * *

Free for All

ပါကျလေးတွေကို ကိုယ်တိုင်ဖွဲ့ကြည့်စေချင်ပါတယ် step by step ပေါ့ မလောနှင့်နော်။ တစ်ချို့လွယ်တယ် ဆိုပြီးမပြောချင် မရေးချင် မစဉ်းစားချင်ကြဘူးလေ။ ဥပမာပေါ့ "မင်းပျော်သလား" Are you happy? အစရှိတဲ့လွယ်ကူပြီး ရေးနိုင် သိနိုင် နာလည်နိုင်တဲ့ ပါကျလေးတွေကစလို့ပေါ့။ ဒီစာအုပ်မှာ ဖော်ပြထားတဲ့ ပါကျလေးတွေဟာလည်း လွယ်ကူပြီးသင့်ဘက်က ရပြီး သိပြီး လေ့လာပြီးသားအဓိဗ္ဗာယ်လေးတွေပါ။ ကိုယ်ရတဲ့ စကားလုံးကို ပါကျဖွဲ့နိုင်ဖို့ အသုံးချနိုင်ဖို့က ပိုအရေးကြီးလှပါတယ်။ အခြေခံမရှိသူတွေကိုတော့စာကျက်သင့်တာ တွေကျက်ခိုင်ရပါတယ်။ ဥပမာ သံဃာတော်တွေအများစုဆိုရင် သင်တန်းစတက်တော့ A, B, C ဆိုတာမသိ ဒါမျိုးဆိုရင် စကား(၆)လွှန်းနှင့် Meanings တွေကို ကျက်ခိုင်းရပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘဝက သုညကစထားရလို့ပါ။ ရသင့်တာရပြီဆိုရင် ပါကျတိုလေးတွေကစလို့ သင်ပေးသူဘက်က ရေးပေမဲ့အစား ပါးစပ်ကနုတ်တိုက် မြန်မာလိုပြောရပါမယ်။ လိုက်ဆိုခိုင်း စကားလုံး ၁၀ လုံးရထားရင် I,we,you, you စသည့် Pronoun တွေ့နဲ့ ပါကျဖွဲ့တွေ ထပ်ကာထပ်ကာဆိုခိုင်း ပါကျတွေ မြန်မာလိုတတ်နိုင်သလောက် မထပ်အောင် ဆရာက အပင်ပန်းခံပြီး စဉ်းစားပေးရပါတယ်။ အကြောင်းကတော့ မြန်မာလိုတွေး အင်္ဂလိပ်လိုရေး ပြောတတ်အောင်လုပ်ပေးရပါမယ်။ ပါကျတွေကို အလွတ်ကျက်မှတ်ဖို့ ဆရာကိုယ်တိုင်က အားမပေးပါဘူး။ အလွတ်ကျက်သင့်တာတွေကို ကျက်ခိုင်းရတာကလွဲလို့ ဒါပေမဲ့ အလွတ်ကျက်ပြောတဲ့ ပါကျမျိုးတွေကို ဘယ်တော့မှလုပ်ခွင့်မပေးဘူး အတွေးထဲမှာ ပေါ်လာသလိုပြောနိုင်အောင် ကြိုးသလိုပြောနိုင်အောင် ပုံစံသွင်းပေး ရပါတယ်။ ကျောင်းသား/သူတွေအတွက်ဆိုရင်တော့ စကားလုံးရရှိပြီး သဒ္ဒါနာလည်းမူစသည့် စသည့်ဖြင့် စကား(၄)ခွန်းနဲ့ tag Question ကလွဲလို့ကျန်တာမကျက်ခိုင်းတော့ပါဘူး။ လမ်းကြောင်းပေါ်အသာလေး ကောက်တင်ပေးလိုက်ယုံပါ။ သင်ကြားပေးတဲ့ဆရာဘက်ကတော့ တော်တော်အပင်ပန်းခံရပါတယ်။ သူတို့ အများအားဖြင့် ရနိုင်မယ်ထင်တဲ့ စကားလုံးတွေကို မြန်မာပါကျပြောခိုင်း အင်္ဂလိပ်လိုချက်ချင်းပြောင်းခိုင်း ရပါတယ်။ များများလေ့ကျင့်ပြီးတော့ စကားနဲ့ စာ ဒီလောက်လေသာ ကွာခြားမှုရှိတယ်ဆိုတာသိအောင် ရေးခိုင်းရတယ်။ ဆရာပြောလေ့ရှိတဲ့ "လက်သုံးစကားကတော့ ပါးစပ်ကပြောရင်စကား၊ လက်ကရေးရင်စာ"လို့ ပြောလေ့ရှိတယ်။ တစ်ချို့ကတော့ လက်ခံနိုင်ပါမလားမသိဘူး။ "အမျိုးမျိုးလေ" ဟုတ်တယ်မဟုတ်လား။ ပါကျလေးတစ်ကြောင်းရရင်(၆)ကြောင်းရအောင်ဆိုခိုင်းပါတယ်။ နောက်တဆင့်ဆိုရင်ပေါ့။ သူမအိပ်သည် (She sleeps) ပါကျကို (၉၆)ကြောင်း နောက်ငါပန်းသီးတစ်လုံးစားတယ်(I eat an apple) ပါကျကို (၁၅၆)ကြောင်း တဖန် သူတို့ပျော်နေကြတယ်(They are happy)ပါကျကို(၅၄) ကြောင်းကို စသည့်ပါကျများစွာဖြစ်လာအောင် ရေးနိုင်ပြောနိုင်ရမှာ ဖြစ်ပါတယ်။ ပါကျလေးတစ်ကြောင်းကို ရယုံမျှလေးနှင့် ဒီလောက်ပါကျများစွာကို ရေးဖွဲ့နိုင် ပြောနိုင်တယ်ဆိုရင် သင့်အတွက်စကားမပြောနိုင်ဘူးဆိုတာ လက်မခံချင်ဘူး။ ကြိုးစားပါ လေ့လာကြည့်ပါ ဖတ်ကြည့်ပါ သင်တန်းတက်ကြည့်လိုက်ပါ အချိန်ဆိုတာတန်ဖိုး ရှိမှန်းပိုသိသွားမယ်။ နောက်ကျတယ်ဆိုတာတော့မရှိပါဘူး။ "Never too old to late" တဲ့လေ။

Whether to write or phone, စာရေးရေး, ဖုန်းဆက်ဆက်၊
rent a flat or buy one, အိမ်ငှားသည်ဖြစ်စေ၊ ဝယ်သည်ဖြစ်စေ၊
go or not, သွားချင်သွား။ မသွားချင်နေ၊
know it or not, အဲ့ဒါကိုသိသိမသိသိ၊
take it or not, အဲ့ဒါကိုယူယူ မယူယူ၊
come here or not, ဒီကိုလာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ၊
forgive me or not, ငါ့ကိုခွင့်လွှတ်လွှတ် မလွှတ်လွှတ်၊
apologize or not, တောင်းပန်သည်ဖြစ်စေ၊
believe me or not, ယုံယုံမယုံယုံ၊
win or loose/fail, နိုင်ချင်နိုင် ရှုံးချင်ရှုံး။
pass or fail, အောင်သည်ဖြစ်ဖြစ် မအောင်သည်ဖြစ်ဖြစ်၊
stay or go, နေချင်နေ သွားချင်သွား၊
use or spend money, ငွေသုံးရမလား ဖြုန်းရမလားဆိုတာ၊

He can't decide whether to go or not.
သူသွားဖို့ မသွားဖို့ကို မဆုံးဖြတ်နိုင်ပေ။

I couldn't determine whether to write or phone.
စာရေးရမလား ဖုန်းဆက်ရမလားဆိုတာ ကျွန်တော်မဆုံးဖြတ်နိုင်သေးဘူးဗျာ။

I don't know whether to rent a flat or buy one.
တိုက်ခန်းငှားရမလား ဝယ်လိုက်ရမလားဆိုတာ ကျွန်တော်မသိသေးပါဘူး။

They didn't wonder whether to use or spend money.
ငွေဖြုန်းသလား သုံးသလားဆိုတာ သူတို့မစဉ်းစားနိုင်ကြပေ။

I'll do it whether to believe me or not.
ကျွန်တော့်ကိုယုံသည်ဖြစ်စေ မယုံသည်ဖြစ်စေ ကျွန်တော်ကတော့လုပ်မှာပဲ။

I don't remember whether to choose this or that way.
ဒီလမ်းရွေးရမလား ဟိုလမ်းရွေးရမလားဆိုတာ ကျွန်တော်မမှတ်မိတော့ဘူး။

They have 14 days to decide whether to keep it or send it back.
အဲ့ဒါကိုသိမ်းထားရင် လက်ခံရင်ကောင်းမလား ပြန်ပို့ရင်ကောင်းမလားဆိုတာ သူတို့ဆုံးဖြတ်ဖို့(၁၄)ရက်သာလိုတော့တယ်။

Free for All

We had to decide whether to continue the journey.

ကျွန်တော်တို့ ခရီးဆက်ရရင်ကောင်းမလားဆိုတာကို ဆုံးဖြတ်ရမှာဖြစ်တယ်။

She's been wondering whether to look for a new job.

သူမအလုပ်သစ်ရှာရရင်ကောင်းမလားလို့ စဉ်းစား/သံသယ/တွေဝေနေတယ်။

I didn't know whether to take him seriously.

သူကိုအတည်မှတ်ယူရမလား အလေးနက်ထားရမလားဆိုတာ ကျွန်တော်မသိဘူး။

We debted whether to by bus or train.

ကျွန်တော်တို့ဘတ်စ်ကားနဲ့သွားမလား ရထားနှင့်သွားမလားကို ဝေဖန်ဆွေးနွေးခဲ့ကြတယ်။

We were wondering whether to go today or tomorrow.

ဒီနေ့သွားရင်ကောင်းမလား မနက်ဖြန်သွားရမလားဆိုတာ ကျွန်တော်တို့တွေဝေနေကြတာ။

* * * * * * * * * * * * * * * * *

Which to use, ဘယ်ဟာကိုအသုံးပြုမလဲဆိုတာ၊
- choose, ဘယ်ဟာကိုရွေးချယ်မလဲဆိုတာ၊
- take, ဘယ်ဟာကိုယူမလဲဆိုတာ၊
- like, ဘယ်ဟာကိုကြိုက်သလဲဆိုတာ၊
- ask, ဘယ်ဟာကိုမေးလိုက်သလဲဆိုတာ၊
- give, ဘယ်ဟာကို ပေးဖို့/ရန်၊
